**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

**(၂၀) ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်**

**(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၃ ဦးရှိတဲ့အနက် ၃၅၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၃.၆၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၀) ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းကို လွှတ်တော်အခွင့်အရေးကော်မတီမှ တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ကိုယ်စားလှယ် ၄၂၃ ဦးဖြစ်ပါတယ်။ တက်ရောက်တဲ့ကိုယ်စားလှယ် ၃၅၄ ဦးဖြစ်ပြီးတော့ ခွင့်ပန်ကြားသူစုစုပေါင်း ၆၉ ဦးဖြစ်ပါတယ်။ ခွင့်ပန်ကြားသူ ၆၉ ဦးအနက် ၈ ဦးကတော့ယခင်ကခွင့်ပန်ကြားထားသူများဖြစ်ပြီးတော့ ယနေ့ ခွင့်ပန်ကြားသူ ၆၁ ဦး ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၂) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁ ရက်၊

(၃) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၄) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၁ ရက်၊

(၅) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၆) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၄ ရက်၊

(၇) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၈) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၉) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၀) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၁) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၁၂) ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ် ခွင့် ၁ ရက်၊

(၁၃) ဒဂုံမြို့သစ်အရှေ့ပိုင်းမဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၁၄) တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ ခွင့် ၃ ရက်၊

(၁၅) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၁၆) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၇) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၂ ရက်၊

(၁၈) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၁၉) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၂ ရက်၊

(၂၀) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၂ ရက်၊

(၂၁) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၂၂) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၁ ရက်၊

(၂၃) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၂၄) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၂၅) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၂၆) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၂၇) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၂၈) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၂၉) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၃၀) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၃၁) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၂) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်၊

(၃၃) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၃၄) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၃၅) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၆) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၃၇) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၃၈) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၃ ရက်၊

(၃၉) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၄၀) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၅ ရက်၊

(၄၁) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၄၂) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၄၃) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၄၄) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၁ ရက်၊

(၄၅) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၄၆) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၄၇) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးဆောင်ဆီ(ခ)ဦးနယ်လ်ဆင် ခွင့် ၁ ရက်၊

(၄၈) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၄၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို အစည်းအဝေးပြီးဆုံးသည်အထိ၊

(၅၀) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို ခွင့် ၁ ရက်၊

(၅၁) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၅၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ ခွင့် ၁ ရက်၊

(၅၃) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၅၄) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၁ ရက်၊

(၅၅) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၅၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၁ ရက်၊

(၅၇) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၅၈) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၅၉) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဒွေးဦး ခွင့် ၁ ရက်၊

(၆၀) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်နှင့်

(၆၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အားလုံးကိုခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၆၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

## မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံ အကျဉ်းထောင်များရှိ အကျဉ်းသားများကိုစွနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းကို ကျွန်တော်မေးမြန်းပါမယ်။ ထိုင်းနိုင်ငံတွင် အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေရသူ မြန်မာနိုင်ငံသားအမျိုးသား၊ အမျိုးသမီးဦးရေ ၁၀၀၀၀ ခန့်ရှိသည်ဆိုလျှင် မှန်ပါသလား။ မြန်မာနိုင်ငံ အကျဉ်းထောင်များတွင် အကျဉ်းကျနေသည့် ထိုင်းနိုင်ငံသား အကျဉ်းသားများကို မြန်မာနိုင်ငံမှ ပြန်လွှတ်ပေးသကဲ့သို့ ထိုင်းနိုင်ငံရှိ မြန်မာအကျဉ်းသားများကို ၂၀၁၃ ခုနှစ်တွင် မည်မျှပြန်လွှတ်ပေး ခဲ့ပါသနည်း။ ထိုင်းဘုရင်မိဖုရားကြီး၏မွေးနေ့ဖြစ်သော ဩဂုတ်လ ၁၂ ရက်နေ့တွင် လွတ်ငြိမ်း ချမ်းသာခွင့်ရခဲ့သော မြန်မာနိုင်ငံသားဦးရေ မည်မျှရှိပါသနည်း။ လာမည့် ဒီဇင်ဘာ ၅ ရက်နေ့တွင် ကျရောက်မည့်ထိုင်းဘုရင်မွေးနေ့တွင်လည်း မြန်မာအကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေး အတွက် ပြည်ထောင်စုအစိုးရမှ မည်ကဲ့သို့ဆောင်ရွက်နေပါသနည်း။ ထိုင်းနှင့် မြန်မာနိုင်ငံ အကျဉ်း သားများလဲလှယ်ရေးကိစ္စစာချုပ်များ မည်သည့်အချိန်တွင် လက်မှတ်ရေးထိုးမည့် အစီအစဉ်ရှိပါ ကြောင်းကို သိလိုပါသည်ဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာပထမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော်က ဖြေကြားသွားမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံတစ်ဝှမ်းမှာရှိတဲ့ အကျဉ်းထောင်အသီးသီးမှာ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ မြန်မာနိုင်ငံအကျဉ်းသားစာရင်းရရှိရေးအတွက် ကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသံရုံး ဘန်ကောက်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေး

ဝန်ကြီးဌာနကို ညှိနှိုင်းဆက်သွယ်အကြောင်းကြားခဲ့ရာ စုစုပေါင်းခန့်မှန်းခြေ ၃၀၀၀ ကျော်ခန့်ရှိကြောင်းသိရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ ထိုင်းနိုင်ငံမှာ အကျဉ်းကျနေတဲ့ မြန်မာနိုင်ငံသားအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ပြစ်ဒဏ်လျှော့ပေါ့ခွင့်ရရှိရေးနှင့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခွင့်များရရှိရေးတို့အတွက်ကို ထိုင်းနိုင်ငံရဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းလမ်းများအပြင် သံတမန်နည်းလမ်းများအရပါ စဉ်ဆက်မပြတ်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုင်းနိုင်ငံရဲ့အစဉ်အလာအရ ထိုင်းဘုရင်နှင့် မိဖုရားတို့ရဲ့ မွေးနေ့အခါသမယဖြစ်တဲ့ ဒီဇင်ဘာလ ၅ ရက်နေ့နှင့် ဩဂုတ်လ ၁၂ ရက်နေ့တို့မှာ ထိုင်းလူမျိုးများအပါအဝင် ထိုင်းနိုင်ငံတစ်ဝန်းမှာရှိတဲ့ အကျဉ်းထောင်များမှာ ပြစ်ဒဏ်အသီးသီးကျခံနေသူများကိုလည်း ပြစ်ဒဏ်လျှော့ပေါ့ခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများအား အခါအားလျော်စွာပြုလုပ်ပေးလျက်ရှိပါတယ်။ သို့ပေမယ့်လည်း ၂၀၁၃ ခုနှစ်အတွင်းမှာ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့အထိ မြန်မာနိုင်ငံသားအကျဉ်းသားများကိုတော့ ပြန်လွှတ်ပေးခြင်းမရှိသေးကြောင်းကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဒီဇင်ဘာလ ၅ ရက်နေ့မှာကျရောက်မယ့် ထိုင်းဘုရင်မင်းမြတ်ရဲ့မွေးနေ့မှာ မြန်မာနိုင်ငံသားအကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေးအတွက် ဘန်ကောက်မြို့မှာရှိတဲ့ မြန်မာနိုင်ငံသံရုံးအနေနဲ့ ထိုင်းနိုင်ငံမှာရှိတဲ့ သက်ဆိုင်ရာဌာနအသီးသီးကို အကြောင်းကြားမေတ္တာရပ်ခံထားရှိပါကြောင်းနှင့် လတ်တလောအခြေအနေဖြင့် ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံအကြား အကျဉ်းသားများကိုလဲလှယ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးရန်အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးသိန်းညွှန့်(သဃ်န်းကွ္ဂန်းမဲဆန္ဒနယ်)**။ ။ နည်းဥပဒေ ၁၄၄ (ဃ)အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုဖို့ ဥက္ကဋ္ဌကြီးကိုတင်ပြပါတယ်။ အဲ့ဒါကတော့ တစ်ခြားမဟုတ်ပါဘူး။ ထိုင်း-မြန်မာနိုင်ငံအကျဉ်းသားလဲလှယ်ရေးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိတဲ့ အကြောင်းအရင်းကိုတော့ ရှင်းပြနိုင်ရင်ရှင်းလင်းစေချင်ပါတယ်။ ဒါလောက်ပါပဲ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဒါနှင့်ပတ်သက်ပြီးတော့ ကျွန်တော်သီးခြား ပြည်သူ့လွှတ်တော်ကို ပြန်ပြီးတော့အစီရင်ခံပြန်တင်ပြပါမယ်။

**မြို့နယ်များအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ တိုးမြှင့်ဆောင်ရွက်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ စည်ပင်သာယာရေးရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းဖြစ်ပေါ်ခဲ့ရတဲ့အကြောင်းရင်းကတော့ ကျွန်မတို့ငပုတောမြို့နယ်ကဲ့သို့ ဧရိယာကျယ်ဝန်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲ၊ စီးပွားရေးလုပ်ငန်းကြီးများမရှိ၊ စီးပွားရေးအဖက်ဖက်က နိမ့်ကျလျက်ရှိတဲ့မြို့နယ်များ၊ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြို့နယ်များမှာ စည်ပင်သာယာရေးရန်ပုံငွေခွန်များ နည်းပါးလျက်ရှိပါတယ်။ ရရှိတဲ့ရန်ပုံငွေနှင့် ဝန်ထမ်းတွေရဲ့လစာ၊ အခြားအသုံးစရိတ်များခွဲဝေပြီးမှ ကျန်တဲ့ရန်ပုံငွေနဲ့ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအုပ်စုများရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုသုံးစွဲကြရပါတယ်။ ကျန်တဲ့ရန်ပုံငွေနဲ့သုံးရတဲ့အခါမှာ လမ်းတစ်ခု၊ တံတားတစ်စင်းချပေးပြီးတာနဲ့ အဲ့ဒီရန်ပုံငွေဟာ ကုန်သွားခဲ့ရပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်အများစုက ကြယ်ပွင့်ပြတစ်သွယ်၊ မပြတစ်နည်းနဲ့ ဒေသခံပြည်သူတွေအတွက် မေးခွန်းတွေမေးကြ၊ အဆိုတွေတင်ကြတဲ့အခါမှာ အများစုပြန်လည်ရရှိတဲ့အဖြေကတော့ ရန်ပုံငွေလျာထားချက်မရှိလို့၊ အချို့ကျတော့လည်း စည်ပင်သာယာရေးရန်ပုံငွေကနေခွဲဝေသုံးစွဲဖို့၊ အချို့ကျတော့လည်း ရန်ပုံငွေတင်ပြတောင်းခံပြီးရရှိပါက ဆောင်ရွက်ပေးမယ်လို့ ပြန်လည်ဖြေကြားတဲ့အသံတွေကိုပဲ ကြားနေရပါတယ်။ မြို့ပေါ်လမ်းတွေပျက်လို့၊ လမ်းတွေမကောင်းလို့၊ လမ်းတွေတစ်ပိုင်းတစ်စဖြစ်နေလို့ တာဝန်ရှိတဲ့သူတွေကို မေးမြန်းကြည့်တဲ့အခါမှာ ရန်ပုံငွေကုန်သွားလို့၊ ဘယ်လုပ်ငန်းကိုခွဲပေးလိုက်လို့နဲ့ အဲ့ဒီအဖြေတွေကိုပဲ ကျွန်မတို့ ကြားသိနေရပါတယ်။ ကျွန်မတို့အနေနဲ့ ဘယ်အချိန်မှာ ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြကြရမယ်။ ဘဏ္ဍာငွေတွေကို ဘယ်လို ခွဲဝေသုံးစွဲနေကြလဲဆိုတဲ့ လုပ်ငန်းစဉ်တွေကို ကျွန်မတို့သိကြရမယ်ဆိုရင်တော့ ပိုပြီးအဆင်ပြေလိမ့်မယ်လို့ထင်ပါတယ်။

ဒါ့ကြောင့် ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ နံပါတ် (၁) စည်ပင်သာယာရေးရန်ပုံငွေနည်းပါးလှတဲ့ ငပုတောမြို့နယ်ကဲ့သို့ မြို့နယ်များမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို စည်ပင်သာယာရေးရန်ပုံငွေအစား ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။ နံပါတ်(၂) ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်များသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ရန်ပုံငွေများလျာထားသုံးစွဲရာမှာ မည်သည့်လုပ်ငန်းများကို ဆောင်ရွက်သည်။ ဆောင်ရွက်သည့်ရန်ပုံငွေများအား မြို့နယ်များသို့ နှစ်အလိုက်မည်ကဲ့သို့ ခွဲဝေလျာထားပေးမည်တို့ကိုသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်မြတ်ဦး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်မေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်ခင်ဗျား။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများဖြစ်သော လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေး၊ တန်ဖိုးနည်းအိမ်ရာကဲ့သို့သော တည်ဆောက်ရေးလုပ်ငန်းများအပြင် ကျေးလက်နေပြည်သူလူထုရဲ့ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကြောင်း အထောက်အကူပြုသင်တန်းများကို နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြီးခဲ့တဲ့နှစ် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့မှ နိုင်ငံတော်ဘတ်ဂျက်နှင့်ဆောင်ရွက်ခဲ့တဲ့နေရာမှာ ဧရာဝတီတိုင်းဒေသကြီးအတွက် ငွေကျပ် ၃၀၄၆.၂၀၂ သန်းခွင့်ပြုခဲ့ပြီး အဆိုပါ

ခွင့်ပြုငွေနှင့်ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအနက် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ငရုတ်ကောင်းမြို့နယ်ခွဲတို့မှာ လမ်းအရှည် ၄ မိုင် ၆ ဖာလုံ မြေသားလမ်းတစ်လမ်း၊ လမ်းအရှည် ၄ မိုင် ၅ ဖာလုံ မြေသားလမ်းတစ်လမ်း၊ လမ်းအရှည် ၁ မိုင် ၆ ဖာလုံ ကွန်ကရစ်လမ်းတစ်လမ်း၊ ရေပွှန်တံတား သုံးစင်း၊ မိုးရေလှောင်ကန်တစ်ကန်၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာလည်း ဧရာဝတီတိုင်းဒေသကြီးအတွက် ငွေကျပ် ၃၈၆၁.၁၁၆ သန်းခွင့်ပြုထားပြီး အဆိုပါခွင့်ပြုငွေနှင့် ဆောင်ရွက်ရန်လျာထားတဲ့လုပ်ငန်းများအနက်မှာ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲနှင့် ငရုတ်ကောင်းမြို့နယ်ခွဲတို့မှာ ငရုတ်ကောင်း-ဆင်မ-ငွေဆောင်လမ်း အရှည် ၅ မိုင် မြေသားလမ်းဖောက်လုပ်ခြင်း၊ မြို့သစ်-ကန့်ဗလာ-ဘုရားလှလမ်း အရှည် ၁၃ မိုင် ၄ ဖာလုံ မြေသားလမ်းဖောက်လုပ်ခြင်း၊ ဘုရားလှချောင်းကူးတံတားအရှည် ၁၆၀ ပေတည်ဆောက်ခြင်း၊ ကံဆိပ်-ကွင်းချောင်းလမ်းပေါ်တွင် ရေပွှန်တံတား ၁၀ စင်းဆောက်လုပ်ခြင်း၊ ကျောက်ချောင်းကျေးရွာလမ်းပေါ်တွင် ရေပွှန်တံတား ၁၀ စင်းဆောက်လုပ်ခြင်း၊ ငပုတောမြို့နယ်၊ ရေချိုကုန်းကျေးရွာတွင် မိုးရေလှောင်ကန်တူးဖော်ခြင်း၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ သဃ်န်းချောင်းကျေးရွာတွင် မိုးရေလှောင်ကန်တူးဖော်ခြင်း၊ ငရုတ်ကောင်းမြို့နယ်ခွဲ၊ ကညင်ချောင်းကျေးရွာတွင် မိုးရေလှောင်ကန်တူးဖော်ခြင်းစတဲ့လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့အပြင် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ ဧရာဝတီတိုင်းဒေသကြီးအတွက် ငွေကျပ် ၁၉၁၈.၂၀၅ သန်း ခွင့်ပြုထားရှိပြီး အဆိုပါခွင့်ပြုငွေနဲ့ဆောင်ရွက်ရန်လျာထားတဲ့လုပ်ငန်းများအနက်မှာ ငပုတောမြို့နယ်အတွင်းမှာ သရက်တောကျေးရွာမှာ မြေသားမိုးရေလှောင်ကန်တူးဖော်ခြင်း၊ တောချောင်းကျေးရွာမှာ မြေသားမိုးရေလှောင်ကန်တူးဖော်ခြင်း၊ ကြာကန်ကျေးရွာမှာ မြေသားမိုးရေလှောင်ကန်တူးဖော်ခြင်း၊ ကျေးရွာ ၃ ရွာ၊ အိမ်ခြေ ၁၈၁ အိမ်၊ ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ စည်ပင်သာယာရေးရန်ပုံငွေနည်းပါးလှသဖြင့် ငပုတောမြို့နယ်နှင့် မြို့နယ်ခွဲနှစ်ခုတို့ကဲ့သို့ မြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ လိုအပ်နေမှုများကို စည်ပင်သာယာရေးရန်ပုံငွေအစား ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ တိုးမြှင့်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးလက်လမ်းတံတား၊ ရေပေးရေးနှင့် မီးလင်းရေးလုပ်ငန်းများလျာထားဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ကိုရန်ပုံငွေလျာထားရာမှာလည်း နိုင်ငံတော်နှင့်ဒေသဆိုင်ရာအကြီးအကဲများရဲ့ ဒေသဖွံ့ဖြိုးရေးခရီးစဉ်များမှာ ဒေသခံပြည်သူများကတိုက်ရိုက်တင်ပြတဲ့ ဒေသလိုအပ်ချက်များ၊ လွှတ်တော်များမှ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြချက်များနှင့် Delivery Unit များနှင့် ဒေသခံပြည်သူများတွေ့ဆုံဆွေးနွေးပွဲမှ ရရှိလာတဲ့လိုအပ်ချက်များကို ကျေးရွာဖွံ့ဖြိုးမှုအထောက်အကူပြုဘက်မှ စာရင်းပြုစုပြီး မြို့နယ်အထောက်အကူပြုအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့မှ ဦးစားပေးအစီအစဉ်နှင့် စီမံကိန်းပြုလုပ်ပေးဖို့တင်ပြချက်များကို နီးစပ်ရာဘဏ္ဍာရေးနှစ်မှာ လျာထားပြီးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါရှင်။ အခုကတုန်းက ဝန်ကြီးပြန်ဖြေတဲ့အထဲမှာ ကျွန်မတို့ နံပါတ်(၂)မေးခွန်းပါရှင့်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျွန်မတို့ ရပ်/ကျေးအထောက်အကူပြုကော်မတီ အဲ့ဒီကနေပြီးတော့ မြို့နယ်၊ ပြီးတော့မှ တိုင်းဒေသကြီးကနေတစ်ဆင့် သွားတယ်ဆိုတဲ့အခါကျတော့ ကျွန်မတို့တွေရောပေါ့။ လွှတ်တော်ကိုယ်စားလှယ်တွေ ကျွန်မတို့ လွှတ်တော်တက်နေတဲ့အချိန်မှာ ဒေသခံပြည်သူတွေရဲ့ မေးမြန်းချက်အရ ကျွန်မတို့ကမေးပေးရပါတယ်။ အဲ့ဒီအခါမှာ ဒီလုပ်ငန်းစဉ်လေးတွေကို ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ဘယ်အချိန်မှာ ဒီဒေသကနေပြီးတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ တင်ပြရမယ်၊ ဘယ်အချိန်မှာညှိနှိုင်းပေါင်းစပ်ပြီးတော့ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့လုပ်ငန်းစဉ်လေးတွေကိုသိချင်လို့ ကျွန်မတို့ အခုလိုမေးမြန်းရခြင်းဖြစ်ပါတယ်။ အဲ့ဒီလုပ်ငန်းစဉ်တွေ သိသွားတဲ့အခါမှာ မေးတဲ့အခါမှာလည်း ကျွန်မတို့လိုချင်တဲ့ ဒေသခံပြည်သူတွေအမှန် တကယ်လိုအပ်နေတဲ့လုပ်ငန်းလေးတွေကို ဖြည့်စွက်ဆောင်ရွက်ပေးနိုင်မယ်လို့ ကျွန်မတို့ထင်ပါတယ်။ ဒါမှမဟုတ်ဘူးဆိုရင်တော့ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်တွေကမေးတာ၊ တင်ပြနေတာ။ နောက်တစ်ခါ ဒေသခံကျန်တဲ့နေရာတွေက အုပ်ချုပ်ရေးအဖွဲ့တွေကတင်ပြနေတာနဲ့ အမျိုးမျိုးကွဲလွဲပြီးတော့ ဆောင်ရွက်နေမှာဖြစ်တဲ့အတွက်ကြောင့် အဲ့ဒီဥစ္စာတွေကို ဘယ်အချိန်မှာ အပြီးသတ်တင်ပေးရပါတယ်ဆိုတဲ့အချိန်လေးကို သိချင်ပါတယ်။ ဒါမှ ကျွန်မတို့ဆက်လက်ပြီး ဆောင်ရွက်မယ့်လုပ်ငန်းတွေကို လျင်လျင်မြန်မြန်နဲ့ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်မှာဖြစ်လို့ပါ ဥက္ကဋ္ဌကြီး။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁က ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်

မေးတဲ့မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီကျွန်တော်တို့ ကျေးရွာအထောက်အကူပြုအဖွဲ့ရယ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ နောက် စည်ပင်သာယာရေးကော်မတီမှာ ဒေသခံမြို့မိမြို့ဖများကို ကျွန်တော်တို့ ထည့်သွင်းထားပါတယ်။ ကျွန်တော်တို့ ညွှန်ကြားတဲ့အခါမှာလည်း ဒေသကလွှတ်တော်ကိုယ်စားလှယ်တွေ ဆီကနေပြီးတော့ လိုအပ်ရင် အကြံဉာဏ်တောင်းယူနိုင်ပါတယ်။ အစည်းအဝေးတက်တိုင်းမှာတော့ လွှတ်တော်တက်တဲ့ အချိန်နဲ့ကြုံလို့ရှိလို့ရှိရင် တက်ချင်မှတက်နိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကနေပြီးတော့ ဦးစားပေးလုပ်ငန်း ၁၊၂၊၃၊၄ ရွေးတဲ့အခါမှာတော့ လွှတ်တော်ကိုယ်စားလှယ် ကြီးများကို တိုင်ပင်နိုင်ပါတယ်လို့ ကျွန်တော်တို့လမ်းညွှန်ထားပါတယ်။ ဒီမြို့နယ်အထောက်အကူပြု ကော်မတီမှာလည်း မြို့မိမြို့ဖများပါတဲ့အတွက်ကို သူတို့ဒေသလိုအပ်ချက်ကိုဆွဲတဲ့အခါမှာ ဦးစားပေး ၁၊၂၊၃၊၄ ဆွဲပေးပါ။ ဒါမှ အပေါ်မှာရန်ပုံငွေ ဘယ်လိုခွဲဝေလျာထားမယ်ဆိုတာ လျာထားလို့ရမှာဖြစ်ပါ တယ်။ ဒီဘတ်ဂျက်အရကတော့ ကျွန်တော်တို့ ဘတ်ဂျက်တွေ စတဲ့အခါမှာအောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာဆိုလို့ရှိရင် ဘတ်ဂျက်စပြီး ကျွန်တော်တို့ တင်ပါ့မယ်။ အဲ့ဒီမတိုင်ခင်မှာ ပေးပါဆိုပြီးတော့ ကျွန်တော်တို့ လမ်းညွှန်ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ လည်း ဟိုတစ်နေ့က ပြည်ထောင်စုလွှတ်တော်မှာ စီမံ/စီးပွားကနေပြီးတော့ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း လည်းတင်ပြထားတာရှိပါတယ်။ ဒေသဖွံ့ဖြိုးရေးနဲ့ပတ်သက်လို့ရှိရင် မြို့နယ်ဖွံ့ဖြိုးရေး ကိစ္စတွေနဲ့ပတ်သက်လို့ရှိရင် လိုအပ်ချက်တွေကို ဒီစီမံကိန်းမှာ ပါအောင်လုပ်ပေးပါ။ ဒီမံကိန်းမှာပါမှ ဘတ်ဂျက်လည်း ထည့်သွင်းလျာထားရမှာဖြစ်ပါတယ်။ စီမံကိန်းမှာပါတဲ့အခါမှာလည်း စီမံကိန်းများတဲ့ အခါမှာ အကုန်လုံးမထည့်သွင်းနိုင်တဲ့အတွက် မြို့နယ်အလိုက်ဦးစားပေး ၁၊၂၊၃၊၄ တွေတပ်ပေးပါဆိုပြီး တော့ ကျွန်တော်တို့ လမ်းညွှန်ထားပါတယ်။ ဒီလောက်ပါပဲခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်သန်းမြင့် ဘာများပြောစရာရှိလဲ။

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။ ကျွန်မတို့ အချိန်သိပြီဆိုရင်တော့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကလည်း မိမိဒေသမှာရှိနေတဲ့ ပြည်သူတွေလိုအပ်တဲ့ လမ်း၊ တံတား၊ ရေ၊ မီးရော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကျွန်မတို့ အချိန်နှင့်တစ်ပြေးညီ တင်နိုင်ပါမယ်။ အဲ့လိုဆို လို့ရှိရင်တော့ ကျွန်မတို့ ဒေသခံပြည်သူတွေလိုအပ်ချက်ကို ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်တွေ ကနေပြီးတော့ ကူညီဆောင်ရွက်ပေးလို့ရပါတယ်။ ပထမ ကျွန်မ တင်ပြရတဲ့အကြောင်းအရင်းကတော့ ဒီအခြေအနေကို ကျွန်မတို့ မသိကြပါဘူး။ မသိတဲ့အခါမှာ ကျွန်မတို့ လွှတ်တော်အစည်းအဝေးရောက်

ပြီးဆိုတာနဲ့ ကျွန်မတို့ မေးခွန်းတွေတင်တယ်။ ကြယ်ပွင့်ပြတယ်။ ကြယ်ပွင့်မပြတယ်။ ရတာလည်းရှိတယ်။ မရတာလည်းရှိတယ်။ မရတာကတော့ များပါတယ်။ အစီအစဉ်မရှိသေးပါဘူးဘဲ ဖြေကြားသံတွေကြားနေရတဲ့အတွက်ကြောင့် ကျွန်မ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အခုလို ကျွန်မတို့ အစိုးရအဖွဲ့ကနေပြီးတော့ ဘယ်အချိန်မှာ သူ့ရဲ့အချိန်ကာလအရ ဘယ်အချိန်မှာ ကျွန်မတို့ ညှိနှိုင်းပေါင်းစပ်ပြီးတော့ တင်ပေးပါဆိုရင်တော့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များလည်း မေးခွန်းမေးမြန်းတဲ့အခါမှာ ပြည်သူကိုပြန်ပြီးတော့ တွေ့ဆုံတဲ့အခါမှာ သူတို့မေးတဲ့အပေါ်မှာ ကျွန်မတို့ ပြန်လည်ပြီး ဖြေကြားနိုင်မှာဖြစ်ပါတယ်ရှင့်။ အခုလို ဥက္ကဋ္ဌကြီးမှ မေးမြန်းခိုင်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဒေတန်ရွာ၊ ကျီပျော့ရွာ၊ ဂျိတ်လွယ်ရွာ၊ ကူးမောရွာ၊ ချော်လော်ရွာ၊ စနေရန်ရွာနှင့် ယဂျော်ရွာအထိ ဆက်သွယ်သွားလာနေသော လူသွားလမ်းများကို ဆိုင်ကယ်လမ်းအဖြစ်သို့ တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးဖောင်းခေါင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖောင်းခေါင်(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖောင်းခေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းတစ်ရပ်ကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော တောင်ပေါ်မြို့နယ်တစ်ခုဖြစ်ပါတယ်။ အချို့ကျေးရွာများမှာ ကားလမ်း၊ ဆိုင်ကယ်လမ်းလုံးဝပေါက်ရောက်မှုမရှိပါ။ ကျေးရွာချင်းဆက်လမ်းများဟာလည်း လူသွားလမ်းများကိုသာ အဓိကထား၍ ပြည်သူလူထုများ သွားလာနေကြရပါတယ်။ ကားလမ်း၊ ဆိုင်ကယ်လမ်းများ မပေါက်ရောက်သောကြောင့် ကျေးရွာနေပြည်သူလူထုများ လူမှုဘဝများစွာနောက်ကျလျက်ရှိပါတယ်။ ဒါ့ကြောင့် လူသွားလမ်းတစ်ခုတည်းကိုသာ အသုံးပြုနေသော ကျေးရွာများရှိပြည်သူလူထုများသည် ကားလမ်း၊ ဆိုင်ကယ်လမ်းများကို ဖောက်လုပ်ပေးရန် လိုလားလျက်ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျေးရွာချင်းဆက်လမ်းများဖြစ်သော ဒေတန်ရွာ-ကျီပျော့ရွာ-ဂျိတ်လွယ်ရွာ-ဂျန်ဘုတ်ရွာ-ကူးမောရွာ-ချော်လော်ရွာ-စနေရန်ရွာ-ယဂျော်ရွာ အထိ ဆက်သွယ်သွားလာနေသော ၁၅ မိုင်အရှည်ခန့်ရှိ လူသွားလမ်းများကို ဆိုင်ကယ်လမ်းအဖြစ်သို့ အဆင့်

တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလမှာဖောက်လုပ်ပေးမည်နဲ့ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်းဟု ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်မြတ်ဦး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇောင်းခေါင် မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ် ဒေတန်-ကျီပျော့-ဂျိတ်လွယ်-ဂျန်ဘုတ်-ကူးမော်-ချော်လော်-စနေရန်-ယဂျော် ကျေးရွာချင်းဆက်လမ်းဟာ အရှည် ၁၅ မိုင်ရှိတဲ့ လူသွားလမ်းဖြစ်ပါတယ်။ အဆိုပါ လူသွားလမ်းကို မြေသားလမ်းဆောင်ရွက်မယ်ဆိုပါက ငွေကျပ် ၂၂၅ သန်း ကုန်ကျမှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ်အတွက် ၃၆၅၄.၅၉၈ သန်း ခွင့်ပြုထားပြီး လမ်းတံတားလုပ်ငန်းများအတွက် ရန်ပုံငွေကျပ် ၂၉၂၆.၅၉၈ သန်းဖြင့် ကတ္တရာလမ်း ၁၀ မိုင်၊ ကျောက်ချောလမ်း ၂၁ မိုင်၊ မြေသားလမ်း ၄၈ မိုင်၊ သစ်သားတံတား ၁၀၀၀ ပေနှင့် ရေပြွန် ၇၀၀ ပေတို့ကို လျာထားပေးခဲ့ပြီး ဆက်လက်ဆောင်ရွက် လျက်ရှိပါတယ်။ လက်ရှိ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ဆော့လော်မြို့နယ်အတွင်းမှာ ရန်ပုံငွေကျပ် ၂၈.၅ သန်းနှင့် လာချင်ချောင်းတံတား ၄၀ ပေ၊ ချောင်းမှော်ချောင်းတံတား ၃၀ ပေ၊ နတ်မှော် ချောင်းတံတား ၂၅ ပေ၊ စုစုပေါင်း သစ်သားတံတား ၉၅ ပေကို ဆောင်ရွက်ရန် လျာထားခွင့်ပြုပြီးဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မေးမြန်းလာတဲ့ ဆော့လော်မြို့နယ် ဒေတန်-ကျီပျော့-ဂျိတ်လွယ်-ဂျန်ဘုတ်-ကူးမော်-ချော်လော်-စနေရန်-ယဂျော် ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်ခြင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ ပါဝင်ခြင်းမရှိပါဘူး။ ကျေးရွာလိုအပ်ချက်များတင်ပြရာမှာ အခုနက ဒုတိယဝန်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ကျွန်တော်စီမံကိန်းမှာပါဝင်အောင် ထည့်သွင်းရေးဆွဲထားရင်တော့ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ လျာထားပြီးတော့မှ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လတ်တလောတော့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် နောက်ဆက်တွဲ တစ်ဆက်တစ်စပ်တည်း မေးခွန်းနဲ့ပတ်သက်လို့ လွှတ်တော်ဥက္ကဋ္ဌရဲ့သဘောထားကို လွှတ်တော်ကို တင်ပြပါ့မယ်။ ပြည်သူများရဲ့လိုအပ်ချက်၊ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့မျှော်လင့်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့တင်ပြဖို့ လွှတ်တော်ကိုယ်စားလှယ်များမှာ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့မေးလိုတဲ့မေးခွန်းများကို အချိန်အခါ အခြေအနေပေါ်မူတည်ပြီးတော့ မေးမြန်းနိုင်ပါတယ်။ ဘယ်အချိန်မှ မေးရမယ်ဆိုတဲ့ဟာကတော့ ကိုယ်ဟာကိုပဲ ဆုံးဖြတ်ပြီး ဆောင်ရွက်ပါ။ မေးခြင်းအတွက်၊ မေးဖို့အတွက် မည်သူကမှကန့်သတ်လို့မရပါဘူး။ ဒါကြောင့်မို့လို့ မေးတဲ့အခါမှာ မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်ဖြစ်ပြီးတော့ အပြုသဘောဆောင်တဲ့မေးခွန်းများအတွက် လွှတ်တော်ဥက္ကဋ္ဌက အမြဲတမ်းကြိုဆိုလျက်ရှိပါတယ်။ မေးခွန်းမေးမြန်းခြင်းသည် လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းခြင်းဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များမိမိတို့တာဝန်၊ လုပ်ပိုင်ခွင့်အခွင့်အရေးများကို မှန်မှန်ကန်ကန်အသုံးချသွားဖို့ပဲဖြစ်ပါတယ်။

## ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်က ပြည်ထောင်စုအစိုးရ၏ နိုင်ငံပိုင်သိမ်းဆည်းထားသောပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီကရောင်းချခဲ့သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ တံဆိပ်ခေါင်းခွန် တိမ်းရှောင်မှုများအတွက် တံဆိပ်ခေါင်းခွန်နှင့်ဒဏ်ငွေများ ပြန်လည်ကောက်ခံစေပါရန် နိုင်ငံတော်သမ္မတအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဆက်လက်ဆောင်ရွက်ပါ့မယ်။ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးကအဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဒေါ်တင်နွယ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်မကတော့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးဖြစ်ပါတယ်။ ကျွန်မတင်မယ့်အဆိုကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ နိုင်ငံတော်အစိုးရက နိုင်ငံပိုင်သိမ်းထားတဲ့ပစ္စည်းများ၊ စီမံခန့်ခွဲမှုကော်မတီကနေပြီး ရောင်းချခဲ့တဲ့ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့်စပ်လျဉ်းပြီးတော့ တံဆိပ်ခေါင်းခွန်တိမ်းရှောင်မှုတွေအတွက်

တံဆိပ်ခေါင်းခွန်နဲ့ဒဏ်ငွေတွေကို ပြန်လည်ကောက်ခံပေးဖို့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ကျွန်မက နိုင်ငံတော်သမ္မတကြီးအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ဆီမှာ နိုင်ငံပိုင်သိမ်းထားတဲ့အတွက် နိုင်ငံပိုင်ပစ္စည်းတွေ စီမံခန့်ခွဲမှုကော်မတီနဲ့ နိုင်ငံတော်အဆောက်အဦများ ရောင်းချရေးကော်မတီဆိုပြီးတော့ ဖွဲ့စည်းထားပါတယ်။ ဒီအဖွဲ့ကနေပြီးတော့ လေလံစနစ်တွေ၊ တင်ဒါစနစ်တွေနဲ့ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းတွေကို ရောင်းချတဲ့အခါမှာ ဝယ်ယူတဲ့သူများရှိပါတယ်။ အားလုံးသိကြတဲ့အတိုင်း ငွေရှင်ကြေးရှင်များကသာ ဝယ်ယူနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ငွေရှင်ကြေးရှင် စီးပွားရေးသမားကြီးများ ဝယ်ယူတဲ့အခါမှာ နိုင်ငံတော်က ဒီမရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းတွေကို ရောင်းချတဲ့အခါမှာ ရောင်းချခြင်းပြုတဲ့ Fixed Assets တွေရဲ့ တန်ဖိုးတွေကို တွက်တဲ့အခါမှာ ငွေတစ်ရာကျပ်အထက်ဖြစ်ရင် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ (The Transfer of Property Act) အရ ရောင်းချခြင်းကို မှတ်ပုံတင်စာချုပ်ပြုလုပ်ရတာရှိပါတယ်။ အဲဒီတော့ သက်ဆိုင်ရာစာချုပ်ချုပ်ဆိုတဲ့အခါမှာ စာချုပ်အမျိုးအစားဟာဆိုရင် မြန်မာနိုင်ငံတော် တံဆိပ်ခေါင်းဥပဒေ (The Myanmar Stamps Act) ရဲ့ ပထမဇယားအပိုဒ် ၂၃ မှာ ဖော်ပြထားတဲ့ ပစ္စည်းလွှဲတဲ့စာချုပ်ဆိုပြီးတော့ (Conveyance) အမျိုးအစားမှာ အကျုံးဝင်တဲ့စာချုပ်ဖြစ်ပါတယ်။ အဲဒါကြောင့် မို့လို့ စာချုပ်မှာပါတဲ့ အဖိုးစားနားသင့်ငွေ (Value of the Consideration) အပေါ်မှာ ရာခိုင်နှုန်းနဲ့ တံဆိပ်ခေါင်းခွန်ထိုက်သင့်ပါတယ်။ အဲဒီထိုက်သင့်တဲ့ တံဆိပ်ခေါင်းခွန်ကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှာဆိုရင် တိုးမြှင့်တံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်းမှာ ထပ်ပြီးတော့တိုးမြှင့်တဲ့အတွက် ၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ မူလထိုက်သင့်တာက ၅ ရာခိုင်နှုန်း မလွဲမသွေဆောင်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ၁၉၂၀ ပြည့်နှစ် ရန်ကုန်စည်ပင်သာယာရေးဥပဒေ (The Yangon Development Trust Act,1920) ရဲ့ပုဒ်မ ၆၈ ၂၀၀၂ ခုနှစ်မှာရှိတဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၁ ဒါမှမဟုတ်ရင် ၂၀၀၉ ခုနှစ် နေပြည်တော်စည်ပင်သာယာရေးဥပဒေတို့အရ တံဆိပ်ခေါင်းခွန်တွေကို ပေးဆောင်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းရောင်းဝယ်တဲ့စာချုပ်၊ ပစ္စည်းလွှဲတဲ့စာချုပ်ပေါ်မှာ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ဖို့အတွက် တာဝန်ရှိတဲ့လူက ပစ္စည်းကိုဝယ်ယူပြီးဖြစ်ပါတယ်။ အဲဒီတော့ ပစ္စည်းဝယ်တဲ့သူက တာဝန်ရှိပေမယ့် မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်ဥပဒေပုဒ်မ ၂၉ အပိုဒ်(ဂ)မှာ ဖော်ပြထားတဲ့အတိုင်း ထိုက်သင့်တဲ့ တံဆိပ်ခေါင်းခွန်ကိုဆောင်ပေးတာ တံဆိပ်ခေါင်းခွန်ပေးဆောင်တာ ပျက်ကွက်မှုများကိုတွေ့ရပါတယ်။ ပျက်ကွက်မှုနှင့်ပတ်သက်ပြီးတော့ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမယ့်အချိန်မှာ စာချုပ်ကိုမချုပ်မီ ဒါမှမဟုတ် စာချုပ်ချုပ်တဲ့ မှတ်ပုံတင်တဲ့အချိန်မှာ

တံဆိပ်ခေါင်းခွန်က ထမ်းဆောင်ပြီးသားဖြစ်ရမှာပါ။ ဒါပေမယ့် လက်တွေ့ဆောင်ရွက်နေကြတဲ့အခါမှာ သိမ်းဆည်းထားတဲ့ ပစ္စည်းတွေဝယ်ယူတဲ့ စီမံခန့်ခွဲမှုကော်မတီကနေ ပစ္စည်းဝယ်ယူတဲ့သူတွေက အချက် ၄ ချက် ဆောင်ရွက်ရမှာကို ပျက်ကွက်နေတာတွေ့ရပါတယ်။ အဲဒီအချက် ၄ ချက်ကတော့ ပထမဦးဆုံး ဝယ်တဲ့သူနဲ့ရောင်းချတဲ့သူ ဒီနေရာမှာ နိုင်ငံတော်ဖြစ်ပါတယ်။ ရောင်းချတဲ့သူက နှစ်ဦး နှစ်ဖက်ပါဝင်တဲ့ ပစ္စည်းလွှဲတဲ့စာချုပ်ကို ချုပ်ဆိုရမှာဖြစ်ပါတယ်။ နံပါတ် (၁)စာချုပ်ချုပ်ဆိုပြီးရင် နံပါတ်(၂)က ထိုက်သင့်တဲ့ တံဆိပ်ခေါင်းခွန်ကပ်ရမှာဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှာ ဆိုရင် ၂ ရာခိုင်နှုန်းအပိုဆောင်းပြီးကပ်ရမှာဖြစ်ပါတယ်။ နောက် တတိယအချက်အနေနဲ့က သက်သေ တွေနဲ့ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး တံဆိပ်ခေါင်းခွန် အပြည့်အစုံကပ်၊ ကပ်ပြီးတဲ့အခါမှာ မှတ်ပုံတင် ရမှာပါ။ အဲဒီတော့ မှတ်ပုံတင်တဲ့အခါမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက် မှာရှိတဲ့ ကြေးတိုင်နှင့်မြေစာရင်းဌာန Registration Officer, Public Officer ဆီမှာမှတ်ပုံတင်ရ မှာပါ။ အဲဒီတော့ အဲဒီမှတ်ပုံတင်ဖို့လုပ်တဲ့အခါမှာ ဒီမှာချို့ယွင်းချက်တွေတွေ့ရပါတယ်။ အဲဒါကတော့ တံဆိပ်ခေါင်းခွန်ကို ပြည့်စုံစွာထမ်းဆောင်မထားဘူး။ နောက်တစ်ခုက စာချုပ်စာတမ်းကို မှတ်ပုံတင် ပေးဖို့အတွက် ဒီ Registration Officer ကို တင်တဲ့အခါမှာ မပြည့်စုံဘဲ၊ တံဆိပ်ခေါင်းခွန်ပြည့်စုံ အောင်ထမ်းဆောင်မထားဘဲ၊ တံဆိပ်ခေါင်းခွန်လုံးဝမထမ်းဆောင်ဘဲ စာချုပ်တွေကို တင်ပြတာတွေ့ရ ပါတယ်။ အဲဒီအခါမှာ ဒီ Public Officer က စာချုပ်ကို (Impound) လုပ် ထားရမှာဖြစ်ပါတယ်။ မလွှဲမသွေ ထိန်းချုပ်ထားရမှာဖြစ်ပါတယ်။ အဲဒီတော့ တံဆိပ်ခေါင်းဥပဒေပုဒ်မ ၃၃ ပုဒ်မခွဲ(၁)မှာ အဲလို Impound လုပ်ဖို့ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံတံဆိပ်ခေါင်း ဥပဒေပုဒ်မ ၄ မှာ ပြဋ္ဌာန်း ချက်အတိုင်းလိုတဲ့ဟာကို ဆက်လက်ပြီးဆောင်ရွက်ရမယ်ဆိုတော့ တံဆိပ်ခေါင်းခွန်တွေကို အပြည့်အစုံ ကပ်ဖို့၊ နံပါတ်(၁) နောက်တစ်ခုက လျော့နည်းကပ်မယ်ဆိုရင် ပြည့်စုံအောင်ကပ်ဖို့လိုအပ်မှာပါ။ နောက်တစ်ခါ ၃၅ ခြွင်းချက်နဲ့အညီ လျော့ပြီးတော့ ခုနက ထမ်းဆောင်တယ်ဆိုလို့ရှိရင် တံဆိပ်ခေါင်း ခွန်ရဲ့ ၁၀ ဆကို ဒဏ်ငွေအဖြစ်နဲ့ ကောက်ခံဖို့ ဆောင်ရွက်ရမှာပါ။ အဲဒီ အခွန်နှင့်ဒဏ်ငွေတွေကို ပုဒ်မ ၃၈ အပိုဒ်ခွဲ(၁)နှင့် ကောက်ခံပြီးတော့မှ ပြည်တွင်းအခွန်ဦးစီးဌာန တစ်နည်းအားဖြင့် ရှေးခေတ်က ခေါ်တဲ့ ကောလိပ်တော်အရာရှိ Tax Collector ဆီကိုပေးပို့ရမှာ ဖြစ်ပါတယ်။ Tax Collector က တစ်ခါလိုအပ်တဲ့တံဆိပ်ခေါင်းခွန်တွေကို ကောက်ခံဒဏ်ကြေးတွေ ဘာတွေ အကုန်ကောက်ခံပြီးမှ ဒီစာချုပ်စာတမ်းက တရားဝင်မှတ်ပုံတင်လို့ရတာဖြစ်ပါတယ်။ အဲဒီတော့ တကယ့်တကယ်ကျတော့ နိုင်ငံပိုင်သိမ်းထားတဲ့ပစ္စည်းတွေ စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် နိုင်ငံပိုင်အဆောက်အဦများ ရောင်းချ

ရေးကော်မတီဆီကနေပြီးတော့မှ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းဝယ်တဲ့စာချုပ်တွေပေါ်မှာ ဝယ်တဲ့သူတွေကတံဆိပ်ခေါင်းခွန်၊ တိုးမြှင့်တံဆိပ်ခေါင်းခွန်၊ နောက်ပြီးတော့ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်းမပြုဘဲနဲ့ မှတ်ပုံတင်ပေးဖို့ စာချုပ်စာတမ်းရုံး ဒီ Public Officer, Registration Officer ထံမှာ သွားပြီးတော့မှတ်ပုံတင်ဖို့လျှောက်ထားတဲ့အမှုဟာ အားလုံးပေါင်း ၉၅ ခုရှိပါတယ်။ ကျွန်မ ပြီးခဲ့တဲ့ ဇွန်၊ ဇူလိုင်ကစပြီးတော့ Case Study လုပ်ခဲ့တာ အခု နိုဝင်ဘာရောက်ပြီဆိုတော့ အခုဆိုရင်တော့ အမှုပေါင်း ၁၀၀ ကျော်ရှိလောက်ပါပြီ။ အဲဒီတော့ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာရောင်းချမှုအတွက်စာချုပ်ချုပ်ဆိုတဲ့ စာချုပ်တွေမှာဆိုရင် နိုင်ငံတော်က ရောင်းသူအနေနဲ့ ရောင်းချသူက နိုင်ငံတော်ပါ။ နိုင်ငံတော်က ရောင်းသူအနေနဲ့တစ်ဖက် ပါဝင်ချုပ်ဆိုတဲ့ စာချုပ်ဖြစ်တဲ့အတွက် တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့်ရအောင် နောက်တစ်နည်းအားဖြင့် သူတို့၏ယူဆချက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ယူဆချက်က တစ်ဖက်က နိုင်ငံတော်ဖြစ်သည့်အတွက် တံဆိပ်ခေါင်းခွန်မဲ့စာချုပ်တွေချုပ်လို့ရတယ်လို့ ဆင်ခြင်ဉာဏ်ကင်းမဲ့စွာနဲ့ ယူဆကြောင်းသိရပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်အက်ဥပဒေပုဒ်မ ၃ ရဲ့ ခြွင်းချက်အပိုဒ် ၁ မှာဆိုရင် နိုင်ငံတော် ဒါမှမဟုတ်ရင်နိုင်ငံတော်ရဲ့ကိုယ်စား။

**ဥက္ကဋ္ဌ**။ ။ ဒီမှာတင်ပြတဲ့နေရာမှာ ဆင်ခြင်ဉာဏ်ကင်းမဲ့စွာဆိုတဲ့ စကားလုံးဟာ အဖွဲ့အစည်းကိုသော်လည်းကောင်း၊ လူပုဂ္ဂိုလ်သော်လည်းကောင်း ထိခိုက်တဲ့အတွက် ဒီလိုတင်ပြဆွေးနွေးမှုမျိုးဒေါ်တင်နွယ်ဦးမလုပ်ဖို့နဲ့ လွှတ်တော်ကလည်း သတိပြုဆောင်ရွက်ဖို့သတိပေးပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥက္ကဋ္ဌကြီးကိုအားလုံးကိုတောင်းပန်ပါတယ်။ အဲဒီတော့ ဒီပစ္စည်းလွှဲပြောင်းတဲ့စာချုပ်မှာ နိုင်ငံတော်ကသိမ်းတဲ့ပစ္စည်းတွေလွှဲပြောင်းတဲ့အခါမှာ အဆောက်အဦရောင်းချရေးကော်မတီကရောင်းချတဲ့ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်မှာပဲ တံဆိပ်ခေါင်းခွန်ပေးဆောင်ရန် တာဝန်မရှိပါဘူး။ ဝယ်ယူတဲ့လူရဲ့ တာဝန်သာဖြစ်ပါတယ်။ အဲဒီတော့ ဝယ်ယူသူသည် တံဆိပ်ခေါင်းခွန်ဒါမှမဟုတ် အပြည့်မဆောင်ထားရင် တံဆိပ်ခေါင်းခွန်ရဲ့ဒဏ်ကြေးတွေပေးဆောင်ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ ပြည်ထောင်စုအစိုးရရဲ့ နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများစီမံခန့်ခွဲမှုကော်မတီကရောင်းချခဲ့တဲ့ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းများနှင့် စပ်လျဉ်းပြီးတော့ တံဆိပ်ခေါင်းခွန်တိမ်းရှောင်မှုအတွက် တံဆိပ်ခေါင်းခွန်နှင့် ဒဏ်ငွေတွေကို ပြန်လည်ကောက်ခံပေးပါရန်

Clean Government ဆောင်ရွက်နေတဲ့သမ္မတကြီးအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင် ဖြစ်ပါတယ်။ ဒေါ်တင်နွယ်ဦးရဲ့အဆိုယခုကဲ့သို့ တိုင်းပြည်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးတကြီးဆောင်ရွက်နေတဲ့အချိန်မှာ တိုင်းပြည်ရဲ့ဝင်ငွေတိုးတက်ရန်အတွက် အမှန်တကယ်ဆောင်ရွက်ရမယ့်ကိစ္စရပ်မျိုးလည်းဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ ယခုအဆိုနှင့်စပ်လျဉ်းပြီး ပီပြင်စွာဆောင်ရွက်နိုင်မှသာလျှင် လာမည့်ဝင်ငွေခွန် အကောက်ခွန်ကိစ္စရပ်များအား နမူနာပြဖြေရှင်းနိုင်မည်ဖြစ်တဲ့အတွက် ဒေါ်တင်နွယ်ဦးရဲ့အဆိုအား အပြည့်အဝထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့အဆိုနှင့် စပ်လျဉ်းပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေ၊ အိမ်၊ အဆောက်အဦ၊ တိုက်ခန်း အစရှိတဲ့ အခြေပစ္စည်းများဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းတို့မှာ သုံးစွဲတဲ့ငွေကြေးအတွက် စိုးရိမ်ကြောင့်ကြမှုမရှိစေဘဲ စိတ်အေးချမ်းသာစွာဝယ်ယူဆောင်ရွက်နိုင်စေဖို့အတွက် အမြတ်ခွန်ဥပဒေပုဒ်မ ၁၉ နှင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ခ)တို့အရ ယခင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၃၅/၂၀၀၇) နဲ့အခွန်သက်သာခွင့်ပေးခဲ့တဲ့ကာလမှာ အခွန်နှုန်းအားဖြင့် အခြေပစ္စည်းသတ်မှတ်တန်ဖိုးကျပ်သန်း ၅၀၀၀ အထိဖြစ်ပါက တံဆိပ်ခေါင်းခွန်အပါအဝင် ၁၅ ရာခိုင်နှုန်း၊ အခြေပစ္စည်းသတ်မှတ်တန်ဖိုး ကျပ်သန်း ၅၀၀၀ အထက်ဖြစ်ပါက တံဆိပ်ခေါင်းခွန်အပါအဝင် ၁၂

ရာခိုင်နှုန်းကောက်ခံခဲ့ပါတယ်။ ဒီလိုကောက်ခံရာမှာ သတ်မှတ်တန်ဖိုး ကျပ်သန်း ၅၀၀၀ အထိဖြစ်ပါက ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းဖြစ်လို့ရှိရင် ဝင်ငွေခွန်/ အမြတ်ခွန်အနေနဲ့ ၈ ရာခိုင်နှုန်းနဲ့ တံဆိပ်ခေါင်းခွန် ၇ ရာခိုင်နှုန်း၊ ကျန်ဒေသများမှာ ဝင်ငွေခွန်/အမြတ် ခွန်အနေနဲ့ ၁၀ ရာခိုင်နှုန်းနဲ့ တံဆိပ်ခေါင်းခွန် ၅ ရာခိုင်နှုန်း သတ်မှတ်တန်ဖိုးကျပ်သန်း ၅၀၀၀ အထက် ဖြစ်ပါက ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းဖြစ်လို့ရှိရင် ဝင်ငွေခွန်/အမြတ်ခွန်အနေဖြင့် ၅ ရာခိုင်နှုန်းနဲ့ တံဆိပ်ခေါင်းခွန် ၇ ရာခိုင်နှုန်း၊ ကျန်ဒေသများမှာ ဝင်ငွေခွန်/အမြတ်ခွန်အနေနဲ့ ၇ ရာခိုင်နှုန်းနဲ့ တံဆိပ်ခေါင်းခွန် ၅ ရာခိုင်နှုန်းကောက်ခံရမှာဖြစ်ပါတယ်။ နိုင်ငံပိုင်သိမ်းထားသောမြေ၊ အဆောက်အဦများနှင့်စပ်လျဉ်းပြီးတော့ တံဆိပ်ခေါင်းခွန်ထမ်းဆောင် ခြင်းအတွက် အထက်ပါအတိုင်း ဆောင်ရွက်ရမှာဖြစ်ပေမယ့်လည်း နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများစီမံခန့်ခွဲမှုကော်မတီမှ ရောင်းချခဲ့တဲ့ မြေ၊ အဆောက်အဦ၊ တိုက်ခန်းနှင့် မြေကွက်များကို ဝယ်ယူကြတဲ့ အချို့ကိစ္စရပ်များမှာ တံဆိပ်ခေါင်းခွန်မဲ့နဲ့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီးလက် ရောက်လွှဲပြောင်းနိုင်ရေးနှင့် အမည်ပေါက်လွှဲပြောင်းဆောင်ရွက်ရန် ကော်မတီရဲ့ညွှန်ကြားချက်အရ တံဆိပ်ခေါင်းခွန် မထမ်းဆောင်ရဘဲ ဝယ်ယူသူရဲ့ မြေဂရန်အမည်ပေါက် တိုက်ရိုက်ရရှိခဲ့ခြင်းများရှိခဲ့ ပါတယ်။ သို့သော်လည်း အဆိုပါကိစ္စဟာဆိုလို့ရှိရင် ဝယ်ယူသူများအနေနဲ့ ရောင်းချသူရဲ့ညွှန်ကြား ချက်အတိုင်းသာ လိုက်နာဆောင်ရွက်ခဲ့ကြခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံပိုင်သိမ်းဆည်းထားတဲ့ပစ္စည်းများ စီမံခန့်ခွဲမှု ကော်မတီအနေနဲ့ ကော်မတီကရောင်းချတဲ့မြေ၊ အဆောက်အဦ၊ တိုက်ခန်းနှင့်မြေများကို ဝယ်ယူခွင့် ရရှိသူများမှာ ငွေအကြေပေးသွင်းပြီး အမည်ပေါက်လွှဲပြောင်းပေးရန်နှင့်စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနများကို သဘောထားမှတ်ချက်တောင်းခံခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို မြေနှင့်အဆောက်အဦများ အရောင်းအဝယ်ကိစ္စ ရပ်များနှင့်စပ်လျဉ်းပြီး စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေအရ စာချုပ်တင်သွင်းရန် ခွင့်ပြုတဲ့အချိန် ကာလအတွင်း စာချုပ်ချုပ်ဆိုသူတို့ကဖြစ်စေ၊ ကိုယ်စားလှယ်တို့ကဖြစ်စေ စာချုပ်စာတမ်းအရာရှိထံ မလာရောက်လျှင် မည်သည့်စာချုပ်စာတမ်းကိုမျှ မှတ်ပုံတင်ပြုလုပ်ပေးခြင်းမပြုရန်နှင့် စာချုပ်ချုပ်ဆို သူတို့ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူ ကိုယ်စားလှယ်ချုပ်ဆိုကြောင်း လျှောက်ဆို လျှင်စာချုပ်စာတမ်းကို မှတ်ပုံတင်ပြုလုပ်ပေးရန် ပြဋ္ဌာန်းပါကြောင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ကရောင်းချခဲ့သော အဆောက်အဦလုပ်ငန်းနှင့် စက်ပစ္စည်းများအား စာချုပ်စာတမ်း

မှတ်ပုံတင်ပြုလုပ်ရာတွင် ကော်မရှင်မှရောင်းချကြောင်း အကြောင်းကြားစာ မိတ္တူ ကော်မရှင်သို့ ငွေပေးသွင်းထားသော ငွေသွင်းချလံမိတ္တူ ဝယ်ယူသူမှ ကျသင့်ငွေပေးသွင်းပြီး၍ လွှဲပြောင်းပေးရန် ကော်မရှင်မှ အကြောင်းကြားစာမိတ္တူ ကော်မရှင်မှ ရောင်းချလိုက်သည့် မြေ၊ အဆောက်အဦ လုပ်ငန်းနှင့်ပစ္စည်းများအား ထိန်းသိမ်းထားသူမှ လွှဲပြောင်းပေးအပ်သည့်မှတ်တမ်းရနိုင်ပါက အရောင်း အဝယ်စာချုပ်စသည့်အချက်များနှင့် ပြည့်စုံပါက စာချုပ်စာတမ်းမှတ်ပုံတင်ရန် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်မှ ရောင်းချခြင်းဖြစ်သဖြင့် တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့်ပြုရေး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်ဟု ဖော်ပြအကြောင်းကြားခဲ့ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ယခု ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများရောင်းချသည့် ပစ္စည်းလွှဲ စာချုပ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတံဆိပ်ခေါင်း ခွန်အက်ဥပဒေအရ တံဆိပ်ခေါင်းခွန်ကို ပစ္စည်း ဝယ်ယူသူက ပေးဆောင်ရမည်ဖြစ်ကြောင်းနဲ့ စာချုပ်၌ရောင်းချသူမှာ ပြည်ထောင်စုအစိုးရဖြစ်သည့် တိုင်ဝယ်ယူသူမှာပုဂ္ဂလိကဖြစ်သဖြင့် ဝယ်ယူသူက မဖြစ်မနေ တံဆိပ်ခေါင်းခွန်ကိုပေးဆောင်ရန် တာဝန်ရှိသည်ဟု မှတ်ချက်ပြုခဲ့ပါတယ်။ အထက်ပါဝန်ကြီးဌာနနှစ်ခုရဲ့ သဘောထားပြန်ကြားချက်ပေါ် မူတည်၍ နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီက တံဆိပ်ခေါင်းခွန်မဲ့ဖြင့် ရောင်းချပေးရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်မှ ရသင့်ရထိုက်တဲ့အခွန်ငွေများ လွတ်ကင်းရနည်းမှုမရှိစေဖို့နဲ့ အခွန်စနစ်ညီမျှမှုမရှိစေရန် အခြားအခွန် ထမ်းများ ထမ်းဆောင်နေတဲ့ အမြတ်ခွန်/ဝင်ငွေခွန် ၈ ရာခိုင်နှုန်းနဲ့ တံဆိပ်ခေါင်းခွန် ၇ ရာခိုင်နှုန်းပေး ဆောင်ရခြင်းအစား တံဆိပ်ခေါင်းခွန်မဲ့ဖြင့် အမည်ပေါက်လွှဲပြောင်းခွင့်ရရှိသူများအပေါ် အမြတ်ခွန်/ ဝင်ငွေခွန်အဖြစ် ၁၅ ရာခိုင်နှုန်းသတ်မှတ်ပြီး ဝင်ငွေခွန်/အမြတ်ခွန် ဥပဒေများအရ ကောက်ခံဆောင် ရွက်ခဲ့ပါတယ်။ နိုင်ငံပိုင်သိမ်းဆည်းထားတဲ့ ပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အဦများနှင့် မြေယာကွက်များစီမံခန့်ခွဲမှုကော်မတီရဲ့ (၄/၂၀၁၁) အစည်းအဝေးနောက်ပိုင်းမှာ တံဆိပ်ခေါင်းခွန်မဲ့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် ဖော်ပြခြင်းမပြုတော့ဘဲ တည်ဆဲလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးရန်အကြောင်းကြားခဲ့ပါတယ်။ ကျွန်တော်တို့ ဘဏ္ဍာရေးဝန်ကြီးဌာန အနေနဲ့လည်း အဲဒီညွှန်ကြားချက်အရ ဆက်လက်ပြီးတော့ တည်ဆဲလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် ခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာတော့ အထက်မှာရှင်းလင်းတင်ပြခဲ့တဲ့ ဝင်ငွေခွန်/အမြတ်ခွန်သက်သာ ခွင့်ပြုခဲ့တဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာဟာ ၁၁-၈-၂၀၁၂ ရက်နေ့မှာ

သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်တဲ့အတွက် လက်ရှိသတ်မှတ်အခွန်နှုန်းထားများအတိုင်း ဆက်လက်ကောက်ခံလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်သွင်းတဲ့အဆိုဟာ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်များ ရရှိရေးရည်ရွယ်ပြီး တင်သွင်းတဲ့အဆိုဖြစ်ကြောင်းတွေ့ရှိရတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်းနဲ့ အခွန်ထမ်းပြည်သူများအနေနဲ့လည်း နိုင်ငံပိုင်သိမ်းဆည်းထားတဲ့ပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီရဲ့ တံဆိပ်ခေါင်းခွန်မဲ့ဖြင့်ရောင်းချပေးရန် ညွှန်ကြားချက်အပေါ် လိုက်နာဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ငွေများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် တည်ဆဲဝင်ငွေခွန်/အမြတ်ခွန်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ယခုဝန်ကြီးတင်ပြခဲ့သလိုသာ တံဆိပ်ခေါင်းခွန်တွေ ပြည့်ပြည့်စုံစုံဆောင်မယ်ဆိုလို့ရှိရင် ဒီပြည်သူပိုင်ပစ္စည်းတွေနဲ့ပတ်သက်လို့ သေသေချာချာပြည့်စုံအောင်ဆောင်ရွက်ခဲ့မယ်ဆိုရင် ပြီးခဲ့တဲ့ ရက်ပိုင်းက ကျွန်မတို့လုပ်တဲ့ ဘတ်ဂျက်ဥပဒေနှင့်ပတ်သက်လို့ လုပ်ခဲ့တဲ့အခါမှာ အကြွေးတွေအများကြီးကျန်တာတွေ့မှာပါ။ အဲဒါက နိုင်ငံတော်က ရောင်းချခဲ့တဲ့ပစ္စည်းတွေပေါ်မှာ အကြွေးတွေမဆပ်တဲ့အကြောင်းတွေ့ရမှာပါ။ နောက်တစ်ခုကလည်း World Bank ရဲ့ Review Report ထဲမှာပါပါတယ်။ အဲဒီ တံဆိပ်ခေါင်းခွန်တွေကို ပြည့်စုံအောင်မဆောင်ရွက်တဲ့အတွက်ကြောင့်မို့လို့ မြန်မာပြည်ရဲ့ Financial Monetary Policy ကို ထိခိုက်ကြောင်း တကယ့်တကယ်ကျတော့ ဒီ Real Assess ကြောင့် ဈေးတွေမြင့်တက်နေတာဟာ တိုင်းပြည်စီးပွားရေးမှာ အရေးကြီးတဲ့ Monetary Policy တွေ ရိုက်ခတ်တာမို့လို့ ဒါအလွန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ တိုင်းပြည်စီးပွားရေးတိုးတက်အောင် အရေးတကြီးလုပ်ဆောင်နေရမယ့်အချိန်မှာ၊ တိုင်းပြည်ဝင်ငွေရအောင်လုပ်ရမယ့်အချိန်မှာ ဒီအကြွေးတွေထပ်ပြီးတော့ယူနေတဲ့အချိန်မှာ ရစရာရှိတဲ့အကြွေးကို အရင်ကောက်ဖို့က ပိုအရေးကြီးကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို နာခံပါမယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ ပြန်လည်ရှင်းလင်းရန်ရှိက ထပ်မံရှင်းလင်းပါ။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ နိုင်ငံပိုင်သိမ်းဆည်းထားတဲ့ ပစ္စည်းများနှင့်ပတ်သက်လို့၊ ရောင်းချတဲ့ကိစ္စရပ်နှင့်ပတ်သက်လို့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဒီအခွန်များဝင်ငွေခွန်/အမြတ်ခွန်/တံဆိပ်ခေါင်းခွန်များကောက်ခံတဲ့နေရာမှာ ခုနက ကျွန်တော်တင်ပြခဲ့သလိုပါပဲ။ ဒီကိစ္စရပ်မှာဝယ်ယူသူများအနေနဲ့ကတော့ သူတို့ရဲ့သဘောအရ အခွန်တိမ်းရှောင်ခဲ့တာမဟုတ်ပါဘူး။ ဒါက ကော်မတီကနေပြီးတော့ တံဆိပ်ခေါင်းခွန်မဲ့နဲ့ ထမ်းဆောင်ဖို့ဆိုပြီး ညွှန်ကြားချက်အရ သူတို့က လိုက်နာဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုက်နာဆောင်ရွက်တဲ့ အခွန်ထမ်းတွေအပေါ်မှာ ကျွန်တော်တို့က တည်ဆဲတံဆိပ်ခေါင်းခွန်ဥပဒေအရ ၁၀ ဆ ဒဏ်တပ်ရိုက်မယ်ဆိုလို့ရှိရင်တော့ ဒါအခွန်ထမ်းပြည်သူများအနေနဲ့ကတော့ များစွာနစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ နောက်တစ်ပိုင်းကတော့ ကျွန်တော်တို့ ဒီအခွန်ထမ်းများအနေနဲ့က နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းကတော့ ကျွန်တော်တို့ ဝင်ငွေရလမ်းဖော်ပြနိုင်တဲ့သူများနဲ့ ဝင်ငွေရလမ်းမဖော်ပြနိုင်တဲ့သူများဆိုပြီးတော့ နှစ်ပိုင်းရှိပါတယ်။ ဝင်ငွေရလမ်းမဖော်ပြနိုင်တဲ့ အခွန်ထမ်းများအနေနဲ့ကတော့ ကျွန်တော်တို့ရဲ့ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ ညွှန်ကြားချက်အတိုင်း ၁၅ ရာခိုင်နှုန်းအပြည့်အခွန်ပေးသွင်းတဲ့သူများလည်းရှိပါတယ်။ ဒီ ၁၅ ရာခိုင်နှုန်း အပြည့်အခွန်ပေးသွင်းခဲ့တဲ့အတွက်ကြောင့်မို့လို့ ပြန်တွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ဝင်ငွေခွန် ၈ ရာခိုင်နှုန်းနှင့် တံဆိပ်ခေါင်းခွန် ၇ ရာခိုင်နှုန်းသာ နိုင်ငံတော်အနေနဲ့ အပြည့်အဝရရှိတဲ့သဘောပဲဖြစ်ပါတယ်။ ဝင်ငွေရလမ်းဖော်ပြပြီး ဖော်ပြတဲ့သူများအနေနဲ့ကတော့ ဝင်ငွေရလမ်းဖော်ပြနိုင်တဲ့အတွက် ဝင်ငွေခွန်ကင်းလွတ်သွားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တံဆိပ်ခေါင်းခွန်မဲ့လို့ ကင်းလွတ်ခွင့်ပေးထားတဲ့အတွက် နိုင်ငံတော်အနေနဲ့ကတော့ တံဆိပ်ခေါင်းခွန်အတွက် မရရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခွန်ထမ်းပြည်သူများအပေါ်မှာ ၁၀ ဆဒဏ်ရိုက်ခြင်းအစားပေါ့။ တကယ်လို့တံဆိပ်ခေါင်းခွန်ကို ပြန်လည်ကောက်ခံဖို့ကိစ္စဆုံးဖြတ်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အနေနဲ့ကတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်အတိုင်းပဲ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ အခုလောလောဆယ်ဆိုရင် အိမ်ခြံမြေတွေကို စံဈေးနှုန်းသတ်မှတ်တယ်ဆိုတော့ Monetary Board တွေလုပ်ပြီးတော့ တိုင်းနှင့်ပြည်နယ်အစိုးရအပါအဝင် တစ်ဦးတစ်ဦးစီပါတဲ့ Monetary Board လုပ်ပါတယ်။ တကယ့်တကယ်ကျတော့ အိမ်ခြံမြေစံဈေးနှုန်းသတ်မှတ်တဲ့အခါမှာ ဒီ Market Prize ကို အစိုးရကသတ်မှတ်ရမှာမဟုတ်ပါဘူး။ Market Prize ကို Demand ကနေ Supply ဝယ်လိုအားနှင့်ရောင်းလိုအား

သတ်မှတ်တာဖြစ်ပါတယ်။ အဲဒီဟာသတ်မှတ်သည့်အတွက် မူလဈေးနှုန်းထက်လည်း လေးပုံတစ်ပုံ လောက်ပဲသတ်မှတ်တာရှိပါတယ်။ အဲဒီတော့ ဒီလေးပုံတစ်ပုံအတိုင်းသတ်မှတ်မယ်။ ဒါကိုသာ ဒီအစိုးရ ကလက်ခံပြီး လုပ်ရမယ်ဆိုလျှင် တိုင်းပြည်အခွန်နဂိုကလျော့နည်းကြတဲ့ကြားထဲ နဂိုရမယ့်အခွန် ခုနက ဒဏ်ကြေးအခွန်လည်းမရဘူး။ လေးပုံတစ်ပုံစာပဲ အခွန်ငွေလျော့နည်းရရှိမှာဖြစ်ကြောင်း တစ်ပါတည်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်တင်နွယ်ဦး တင်ပြအဆိုတင်သွင်းတဲ့ အဆိုဟာ အင်မတန်မှ အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒီတင်ပြချက်ထဲမှာ ဥပဒေရေးရာကိစ္စရပ် များလည်းပါရှိနေတာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌအမြင်အနေနဲ့ တင်ပြရမယ်ဆိုရင် ဒီကိစ္စကို သီးခြားအချိန်ယူဆွေးနွေးပြီးတော့မှ နိုင်ငံနှင့်နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းအောင်ဆောင် ရွက်ဖို့လိုမယ်လို့ ဒီလိုပဲယူဆပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်မှာ သီးခြားဆုံးဖြတ်မယ်ဆိုလို့ရှိ ရင်တော့ ကျွန်တော်တို့အတွက် အလောတကြီးဖြစ်ပြီးတဲ့အခါမှာ မှန်ကန်မျှတမှုမရှိတဲ့ ကိစ္စမျိုးဖြစ်သွား နိုင်တဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကတော့ လွှတ်တော်ကို တင်ပြချင်တာ၊ တိုက်တွန်းချင်တာက ဒီအဆို ကိုမှတ်တမ်းတင်ထားရှိပြီး သီးခြားဆွေးနွေးပြီးတော့မှ ဆွေးနွေးချက်၊ ရရှိချက်တွေကိုဥပဒေနှင့်အညီ ဆောင်ရွက်ပေးတာပိုပြီးတော့ သင့်မြတ်မယ်လို့ထင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ မူလအဆိုရှင်ဖြစ်တဲ့ ဒေါ်တင်နွယ်ဦး ဘယ်လိုများသဘောရရှိပါသလဲ။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ အဆုံးအဖြတ်ပဲရယူချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများတွေရဲ့ ဆင်ခြင်တုံတရားနဲ့ပတ်သက်တာမို့လို့ လွှတ်တော်၏ အဖြူ အမည်းဆုံးဖြတ်ချက်နာခံယူပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ပြန်ပြီးတော့ ရှင်းလင်းတင်ပြပါမယ်။ ဒေါ်တင်နွယ်ဦးအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို တင်ပြခြင်းဖြစ်ပါတယ်။ ဒေါ်တင်နွယ်ဦးတင်ပြတဲ့အဆိုဟာ အင်မတန်မှအရေးကြီးတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ စေတနာနှင့်တင်ပြသလို နိုင်ငံတော်နှင့် နိုင်ငံသား အကျိုးစီးပွားအတွက်လည်း ဖြစ်ထွန်းစေနိုင်မယ့်ကိစ္စဖြစ်သလို နစ်နာစေနိုင်မယ့်ကိစ္စလည်းဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ အဆိုဟာ ဥပဒေရေးရာကိစ္စများနှင့်လည်း ပတ်သက်နေပါတယ်။ အဲဒီလို ပတ်သက်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက ဒီလိုကိစ္စမျိုးပေါ်မှာ ဂဃနဏ မသိဘဲနဲ့ဆုံးဖြတ်လိုက်မယ်ဆိုရင် မိမိတို့ကစေတနာနဲ့ ရည်ရွယ်ချက်ကောင်းကောင်းတင်ပြသော်လည်း နိုင်ငံတော်အတွက်ရော၊ နိုင်ငံသားများအတွက်ရော အကျိုးမဖြစ်ထွန်းဘဲနဲ့ နစ်နာဆုံးရှုံးမှုဖြစ်စေနိုင်

ပါတယ်။ ဒါကြောင့် ဒီအဆိုကို ဒီလွှတ်တော်အတွင်းမှာ ခုလောက်အချိန်တိုလေးဆွေးနွေး ပြီးတော့ အဆုံးအဖြတ်မယူသင့်သေးဘူးလို့ထင်ပါတယ်။ သို့ရာတွင် အဆိုနှင့်ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ ဆွေးနွေးနိုင်အောင်တော့ လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိပြီးတော့ သီးခြားအချိန်ယူပြီးတော့ ပညာရှင်များ၊ ဥပဒေရေးရာကျွမ်းကျင်သူများ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီး ရရှိလာတဲ့ အဖြေပေါ်မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သင့်တယ်လို့ လွှတ်တော်ဥက္ကဋ္ဌ ဒီလိုယူဆပါတယ်။ ဒါကြောင့်မို့လို့ မူလမည်သို့ပင်အဆိုတင်သွင်းစေကာမူ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဒီအဆိုကို လွှတ်တော်မှာပြန်လည်တင်ပြချင်တာက ဒေါ်တင်နွယ်ဦး တင်ပြလာတဲ့အဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိပြီး သီးခြားဆွေးနွေးမှုများပြုပြီးနောက်မှ ရရှိလာတဲ့အဖြေပေါ်မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သင့်တယ်လို့ လွှတ်တော်ကတင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌရဲ့တင်ပြချက်အဆိုကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်တင်နွယ်ဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်မှာမှတ်တမ်းတင်ထားရှိပြီး ဒီအဆိုနှင့်ပတ်သက်၍ သီးခြားဆွေးနွေးမှုများပြုပြီးတော့မှ လွှတ်တော်ကိုပြန်လည်တင်ပြဖို့ အတည်ဖြစ်ကြောင်း မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်းအတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့လာသော စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကို ၅-၁၁-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ အရ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်းကို ၅-၁၁-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီး ဖြစ်ပါတယ်။ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၄-၁၁-၂၀၁၃ ရက် (ကြာသပတေးနေ့) နောက်ဆုံးထားပြီး စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ

ဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီရဲ့ကိုယ်စား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်-

၁။ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီက ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီးပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါသည်။

၂။ ဤဥပဒေကြမ်းမှာ အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တင်သွင်းခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်-

(က) လွှတ်တော်ရုံး၏ ရုံးလုပ်ငန်းများ၊ အုပ်ချုပ်မှုကိစ္စ၊ ဝန်ထမ်းဖွဲ့စည်းပုံကို အစားထိုးရန်။

(ခ) အမည်နှင့် စကားရပ်များကို ပြင်ဆင်ပြောင်းလဲရန်။

(ဂ) လက်တွေ့ဆောင်ရွက်မှုနှင့် သင့်လျော်သော လွှတ်တော်အဖွဲ့အစည်းများကို ဖွဲ့စည်းနိုင်ရန်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်များသည် လုပ်ပိုင်ခွင့်နှင့် တာဝန်များဆိုင်ရာကိစ္စရပ်များကို ပြည့်စုံစွာဆောင်ရွက်နိုင်ရန်။

(င) ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်။

(စ) လွှတ်တော်နှင့်သက်ဆိုင်သည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်တွေ့ကြုံရမည့်အခက်အခဲများနှင့် လိုအပ်ချက်များကို ပိုမိုပြည့်စုံစွာဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား ၆-၁၁-၂၀၁၃ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် မူလအတည်ပြုပြဋ္ဌာန်းချက်များအတိုင်း အတည်ပြုချက် ၁၅ ချက်နှင့် ပြင်ဆင်ချက် ၆ ချက် စုစုပေါင်း ၂၁ ချက်အား အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း လက်ခံရန်သဘောတူပါသည်။

(ခ) ပြင်ဆင်သည့်ဥပဒေကြမ်း ပုဒ်မ ၅ ရှိ ၇(ခ)တွင် ယင်းတို့၏ဆိုသည့်စကားရပ်၏နောက်၌ အမည်ဟူသောစကားရပ်အား ထပ်မံ ဖြည့်စွက်ပါသည်။

(ဂ) ပြင်ဆင်သည့်ဥပဒေကြမ်းပုဒ်မ ၁၂ ရှိ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဃ)တွင် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးအဖွဲ့သည် ဆိုသည့်စကားရပ်၏ရှေ့၌ ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသောဆိုသည့် စကားရပ်အား ဖြည့်စွက်ပါသည်။

(ဃ) ပြင်ဆင်သည့်ဥပဒေကြမ်း ပုဒ်မ ၁၄ အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)အား အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(င) ပုဒ်မ ၁၅ အဖြစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ၂၂ ပုဒ်မခွဲ(ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ပါသည်။ ၂၂(ဃ) နာယကသည် လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ရယူရာ၌ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုသည့်နည်းဖြင့်သော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒမဲပေးသည့် နည်းဖြင့်သော်လည်းကောင်း၊ မတ်တပ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့်သော်လည်းကောင်း၊

သင့်လျော်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည် ဟုအသစ်ဖြည့်စွက်ပါသည်။

(စ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၆ အား ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၁၊ ၃၂၊ ၃၄၊ ၃၅ နှင့် ၃၆ တွင်ပါရှိသော နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူဆိုသည့် စကားရပ်ကို နိုင်ငံတော်သမ္မတဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(ဆ) ပုဒ်မ ၁၇ အဖြစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၉ နှင့် ၄၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်ဟူသော စကားရပ်အား ဖြည့်စွက်ပါသည်။

(ဇ) ပြင်ဆင်သည့်ဥပဒေကြမ်း၏ ပုဒ်မ ၁၈ ရှိ ပုဒ်မ ၄၃(က) တွင်ပါရှိသည့် ပြည်ထောင်စု လွှတ်တော်ဆိုသည့်စကားရပ်အား လွှတ်တော်ဟု ပြင်ဆင်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက် တိကျစွာဖော်ပြပြီး ၁၃-၁၁-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသော လျှပ်စစ် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ (ခ)အရ တင်သွင်းတဲ့ လျှပ်စစ်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်

အဆိုတင်သွင်းဖို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ)** ။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီရဲ့ အတွင်းရေးမှူးလည်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးအပ်ခြင်းအရ မြန်မာ့လျှပ်စစ်ဥပဒေကြမ်းကို ကျွန်တော်တို့ကော်မတီကနေပြီးတော့ ၂၃-၇-၂၀၁၃ နေ့ကစပြီးတော့ ၃၀-၈-၂၀၁၃ ရက်နေ့အထိ အစည်းအဝေး (၁၅) ကြိမ်ပြုလုပ်ပြီးတော့ ရေးဆွဲခဲ့ပါတယ်။ အဲ့ဒီရေးဆွဲတဲ့နေရာမှာ ကျွန်တော်တို့ကော်မတီဝင်များ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကျွမ်းကျင်သူကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဥပဒေပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကိုရေးဆွဲတဲ့နေရာမှာ ကျွန်တော်တို့ အဓိကရည်ရွယ်ချက်ကြီး (၁၂) ရပ်ရှိပါတယ်။ အဓိကရည်ရွယ်ချက်တွေမှာတော့ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲခြင်းဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ လျှပ်စစ်ဓါတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းနိုင်ရန်၊ လက်ရှိစီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒများနှင့် ကိုက်ညီစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလတ်စားနှင့်အငယ်စား လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူး ရေးပိုမိုအားပေးရန်၊ လျှပ်စစ်ဓါတ်အားကို အန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်စေရန်၊ ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင်ဆောင်ရွက်စေရန်၊ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ စံချိန်စံညွှန်း အရည်အသွေးတိုးတက်စေရန်၊ လျှပ်စစ်ကဏ္ဍတွင်ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာနိုင်စေရန်၊ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်ကိုလည်း ကာမိစေပြီး မျှတသော၊ ပွင့်လင်းမြင်သာသော၊ ကျိုးကြောင်းဆီလျော်သော နည်းဥပဒေစည်းမျဉ်းများရေးဆွဲပြီး သင့်တင့်လျှောက်ပတ်သော လျှပ်စစ်ဓါတ်အားခ နှုန်းထားများသတ်မှတ်နိုင်စေရန်နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများနှင့်ကိုက်ညီစေရန် ရည်ရွယ်ချက်များဦးတည်ပြီး ကျွန်တော်တို့ ရေးဆွဲခဲ့ခြင်းဖြစ်ပါ တယ်။ လက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့ ၁၉၈၄ ခုနှစ်က လျှပ်စစ်ဥပဒေပဲရှိတဲ့အတွက် ခေတ်ကာလနှင့်ကိုက်ညီစေမယ့် ဥပဒေတစ်ရပ်ကို ကျွန်တော်တို့ပြုစုရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

လျှပ်စစ်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ လက်ခံဆွေးနွေးနိုင်ပါရန်အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် တင်သွင်းသွားသော လျှပ်စစ်ဥပဒေကြမ်းအား လွှတ်တော်မှ လက်ခံပေးသင့်ပါကြောင်း ထောက်ခံအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဖြည့်စွက်အကြံပြုချင်ပါတယ်။ ဒီသယံဇာတကော်မတီက ကျင်းပတဲ့အစည်းအဝေးကို ကျွန်တော်က ကျွမ်းကျင်သူအနေနဲ့ ကာလအားလျော်စွာ သွားရောက်တက်ခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဖြည့်စွက်သင့်တဲ့အချက်လေးတွေရှိနေပါသေးတယ်။ ယနေ့ လျှပ်စစ်ဓါတ်အားနှုန်းထားနဲ့ပတ်သက်ပြီးပြည်သူများပြောဆိုနေကြတာရှိပါတယ်။ အဲ့ဒီတော့ Consumer Representative ခေါ်တဲ့ မီးသုံးစွဲသူများရဲ့ ကိုယ်စားလှယ်တွေကိုထားရှိရေးဆိုတာ တချို့တွေနိုင်ငံက လျှပ်စစ်ဥပဒေမှာ အတိအကျရေးဆွဲထားပါတယ်။ ကျွန်တော်တို့လျှပ်စစ်ဥပဒေမှာ ဒီဟာမရှိသေးပါဘူး။ ဒီဟာကို ထည့်သွင်းခဲ့လို့ရှိရင် ယခုလိုမျိုးပြဿနာတွေဖြစ်တဲ့အခါ ပါဝင်ဆွေးနွေးနိုင်ပါတယ်။ နောက်တစ်ခုက ရည်ရွယ်ချက်မှာ ပေါ်တဲ့လျှပ်စစ်ပိုမိုဖြည့်ဆည်းရေးနဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရန်ဆိုပေမယ့် ဒီနေ့ Independent Power Producer ခေါ်တဲ့ IPP ဆိုပြီး လျှပ်စစ်ဓါတ်အားထုတ်လုပ်တဲ့လူလို့ဖိတ်ခေါ်နေပါတယ်။ ဒီလူတွေပါရမယ့်အခန်းကဏ္ဍဟာ ဥပဒေကြမ်းမှာ ပြည့်စုံခြင်းမရှိသေးပါဘူး။ အဲ့ဒီတော့ ကျွန်တော်အကြံပြုချင်တာက ယခုပြုစုတဲ့ ဥပဒေကြမ်းကို နိုင်ငံပိုင်သတင်းစာထဲမှာ ထည့်သင့်ပါတယ်။ ထည့်ပြီးလို့ရှိရင် ဒီ IPP လုပ်နေတဲ့ ကုမ္ပဏီတွေရှိပါတယ်။ သူတို့က လျှပ်စစ်ဓါတ်အားကို ပုဂ္ဂလိကအနေနဲ့ဝင်ရင်းနှီးမြှုပ်နှံတဲ့သူတွေ သူတို့ရဲ့အကြံဉာဏ်တွေကို ထပ်မံဖြည့်စွက်သင့်ပါတယ်။ အလားတူ Consumer Representative ဆိုတာကိုလည်း ထပ်မံဖြည့်စွက်သင့်တဲ့အတွက်ကြောင့် ဒီနိုင်ငံပိုင်သတင်းစာတွေထဲမှာ ပထမကြေညာရန်နှင့် သင့်လျော်တဲ့နေရာမှာဖော်ပြပါ ကိုယ်စားလှယ်များကိုခေါ်ပြီး ဖြည့်ဆည်းဆွေးနွေးခဲ့လို့ရှိရင် အင်မတန်မှကောင်းမွန်တဲ့

ဥပဒေကြမ်းတစ်ရပ်ဖြစ်ပေါ်လာနိုင်မှာမို့လို့ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ တက်ရောက်တယ်ဆိုရင် အကြံပြု ဆွေးနွေးနိုင်ပါတယ်။

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေ။ ကျွန်တော်တို့ ယခုပြုစုထားသော လျှပ်စစ်ဥပဒေမူကြမ်းသည် ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးကော်မတီ၌ပါဝင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများပါဝင်ပြီး ပြုစု ရေးဆွဲထားတဲ့အပြင် ADB အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်သူပညာရှင်များ အချို့ကအကြံပြုထား တဲ့အချက်တွေပါ ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပါတယ်။ အချို့အပိုဒ်တွေမှာ IPP ခေါ်တဲ့ Independent Power Producer ဆိုတဲ့ ဓါတ်အားထုတ်လုပ်သူများကို လည်းလာရောက်ရင်းနှီး မြှုပ်နှံရန် မြှုပ်နှံခွင့်ကိုလည်း အကျဉ်းမျှထည့်သွင်းထားပါတယ်။ နည်းဥပဒေနဲ့ လုပ်ထုံးလုပ်နည်း များမှာတော့ အကျယ်တဝင့် ဆက်လက်ရေးသားပြုစုသွားဖို့ ရည်ရွယ်ထားပါတယ်။ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း ပိုမိုပြည့်စုံသော လျှပ်စစ်ဥပဒေ၊ ခေတ်နှင့်အညီ ပေါ်ထွန်းလာဖို့ ရည်ရွယ်ပြီးပြုစုခဲ့ခြင်းဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာ ကျွန်တော်တို့အနေနဲ့ ဓာတ်အား ထုတ်လုပ်မှုပမာဏဟာ ပထမဦးဆုံးအရေးကြီးတဲ့ အချက်အဖြစ်ရှိနေပါတယ်။ ဓာတ်အားထုတ်လုပ်မှု ပမာဏမလုံလောက်တဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ လက်ရှိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တွေက မိုးရာသီမှာဖြည့်တင်းပေးနိုင်ပေမယ့် နွေရာသီရေအားလျှပ်စစ်တွေမှာ ရေလျော့တဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံရဲ့ ဓါတ်အားလုံလောက်မှု မဖြည့်ဆည်းပေးနိုင်သေးတဲ့အတွက် လိုအပ်ချက်ဖြစ်နေ ပါတယ်။ အဲ့ဒီလိုအပ်ချက်ဟာ လက်ရှိဓါတ်အားရရှိနေတဲ့ ပြည်သူတွေ၊ ဓါတ်အားကို အချိန်ပိုင်းလျော့ပြီး သုံးနေရတဲ့အခက်အခဲတွေဖြစ်ပေါ်စေပါတယ်။ ဒါကြောင့်မို့လို့ ရေအားလျှပ်စစ်စက်ရုံတွေ မပြီးသေး ခင်မှာတော့ အပူစွမ်းအင်နဲ့ထုတ်လုပ်တဲ့ ဓါတ်ငွေ့သုံးဓါတ်အားပေး စက်ရုံတွေ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေ၊ နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံတွေ ပေါ်ပေါက်လာဖို့အတွက် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်ကြရမှာဖြစ်သလို ကျွန်တော်တို့နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပဲ လုပ်နေရင် အချိန်ဆိုတဲ့လိုအပ်ချက်ကြောင့် ကျွန်တော်တို့ပြည်သူတွေ တိုးတက်သင့်သလောက် တိုးတက်နိုင်တဲ့

အချိန် တိုးတက်သင့်တဲ့အချိန်မှာ မဖြစ်လာနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ခုနက IPP ခေါ်တဲ့ ရင်းနှီးမြှုပ်နှံမှု လာလုပ်မယ့်လူတွေအတွက် အခွင့်အလမ်းဖွင့်ပေးသလို သူတို့ရဲ့ လာလုပ်နိုင်ဖို့ သင့်တော်တဲ့ဈေးနှုန်း တစ်ခုကိုလည်း ကျွန်တော်တို့က ညှိနှိုင်းသတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို အဲ့ဒီလိုညှိနှိုင်း သတ်မှတ်ပေးနိုင်တဲ့ ကော်မတီတစ်ရပ်ကိုလည်း ဒီဥပဒေကြမ်းမှာ ထည့်သွင်းဖော်ပြပေးထားပါတယ်။ သို့သော်လည်း ခုနက လွှတ်တော်ကိုယ်စားလှယ် ကြီးတင်ပြတဲ့အတိုင်း ဒီလျှပ်စစ်ဥပဒေဟာ ၁၉၈၄ ခုနှစ်ပြီးရင် ဒီတစ်ကြိမ်သာတင်ပြတာဖြစ်တဲ့အတွက် ပြည်သူပြည်သားအားလုံး၊ လွှတ်တော်ကိုယ်စား လှယ်ကြီးအားလုံးတစ်တိုင်းပြည်လုံး ဒီဟာကိုပွင့်လင်းမြင်သာစွာ ဖတ်ရှုလေ့လာအကြံပြုသင့်ပါတယ်။ ဒါကြောင့်မို့လို့ အစောက သတင်းစာမှာ ထည့်သွင်းကြေညာဖို့ကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာန အနေနဲ့ သဘောတူထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝွမဲဆန္ဒနယ်မှ ဦးကြည်သာတင်ပြချက်အတိုင်းပဲ ကျွန်တော်တို့ ထုပ်ထုံးလုပ်နည်း အရဆက်လက်ဆောင်ရွက်ပါမယ်။ ဒီနေ့ကတော့ ဒီဥပဒေကြမ်းကို လက်ခံဆွေးနွေးဖို့အတွက် လွှတ်တော်က အတည်ပြုချက်ယူမှာဖြစ်ပြီး ဆက်လက်ဆွေးနွေးဖို့အတည်ဖြစ်တယ်ဆိုလို့ရှိရင် ခုနက သတင်းစာအပါအဝင် အခြားပြည်သူလူအများကြားသိအောင် ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီအခါမှာ အများပြည်သူရော၊ လျှပ်စစ်နှင့်ပတ်သက်လို့ ရင်းနှီးမြှုပ်နှံလိုသူများရော ဝင်ရောက်ဆွေးနွေး မှာဖြစ်တဲ့အတွက် တကယ်ကိုကောင်းမွန်ပြီးတော့ ထိရောက်မယ့်ဥပဒေတစ်ခုဖြစ်လာမှာဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့လွှတ်တော်ကိုပဲတင်ပြပါမယ်။ ဒါ့ကြောင့် လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်းမေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိသည့်အတွက် လျှပ်စစ် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ နှင့် သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်က တင်သွင်းသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကိုလက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ တင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးတီခွန်မြတ်အား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတီခွန်မြတ်ဖြစ်ပါတယ်။ ဒီနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို လွှတ်တော်မှ လက်ခံပေးပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၈၀(ခ)အရ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ ဥပဒေကြမ်းတစ်ရပ်ဖြစ်ပေါ်လာရေးအတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမမြောက်နေ့ဖြစ်သော ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းဥပဒေ ပြဋ္ဌာန်းရေးအဆိုကို ကျွန်တော်တင်သွင်းခဲ့ပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ၃ ဦး ပေါင်း ၃၁ ဦးမှ အကျယ်တဝင့်ဆွေးနွေးခဲ့ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး၏ ၁၆ ရက်မြောက်နေ့ဖြစ်သော ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ဒီအဆိုကို လွှတ်တော်က အတည်ပြုဆုံးဖြတ်ပေးခဲ့ပါတယ်။ လွှတ်တော်၏ အတည်ပြုဆုံးဖြတ်ချက်ပေါ်မူတည်ပြီး အဆိုနှင့်စပ်လျဉ်း၍ ကောင်းမွန်သော ဥပဒေကြမ်းတစ်ရပ်ပေါ်ပေါက်လာစေရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ မိမိတို့ ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်

မှ ပုဂ္ဂိုလ်များပါဝင်ပြီး အဖွဲ့ဝင်တစ်ခုကို နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၏ တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသည့်သဘောထားနှင့်မူဝါဒများ၊ ယင်းနိုင်ငံများရှိ တိုင်းရင်းသားများနှင့် စပ်လျဉ်းသည့် ဥပဒေများကိုပါ လေ့လာတင်ပြရန် တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒီပူးပေါင်းအဖွဲ့ဟာ စာတမ်း ၃ စောင်ပြုစုတင်ပြနိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့ပူးပေါင်းပြီး ဒီဥပဒေကြမ်းကို စတင်ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။ မိမိတို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့်လည်းကောင်း အပြည်ပြည်ဆိုင်ရာကြေညာစာတမ်းများနှင့်လည်းကောင်း ညီညွတ်မှုရှိစေရန် အလေးထားရေးဆွဲခဲ့ပါတယ်။ အကြိမ်ကြိမ်အပြန်အလှန် ညှိနှိုင်းဆွေးနွေးပြီး အချိန်ယူရေးဆွဲခဲ့ရသော ဥပဒေကြမ်းတစ်ရပ်ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး အစီအမံဖြင့် မိမိတို့လွှတ်တော်ကော်မတီအတွင်း ရေးဆွဲခဲ့သော ဤဥပဒေကြမ်းကို ပိုမိုပြည့်စုံစေရန် အုပ်ချုပ်ရေးကဏ္ဍမှ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် သက်ဆိုင်သူများကိုလည်းကောင်း ဖိတ်ခေါ်ပြီး အောက်ပါအတိုင်း ရှင်းလင်းတင်ပြခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ခဲ့ပါတယ်ခင်ဗျား-

(က) ဥပဒေကြမ်းနှင့်ပတ်သက်၍ ပဏာမတွေ့ဆုံဆွေးနွေးခြင်းကို ၆-၈-၂၀၁၃ ရက်နေ့၌ လွှတ်တော်သဘင်ဆောင်တွင် ကျင်းပခဲ့ပါတယ်။ အဆိုပါဥပဒေကြမ်းရှင်းလင်းသည့် အခမ်းအနားသို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရှိ နိုင်ငံရေးပါတီများကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ခဲ့ပါတယ်။

(ခ) ၂၆-၈-၂၀၁၃ ရက်နေ့မှာ ရုံးအမှတ် ၂၀ တွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများနဲ့ လွှတ်တော်ကိုယ်စားလှယ်များအား ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်း၊ တက်ရောက်သူများမှ ပြန်လည်ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ပါတယ်။

(ဂ) ၂၇-၈-၂၀၁၃ ရက်နေ့၌ လွှတ်တော် (C) ဆောင်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၏ အကြံပြုချက်များကိုလည်းရယူပြီး အစည်းအဝေးထပ်မံပြုလုပ်ခဲ့ပါတယ်။

(ဃ) ၁၃-၉-၂၀၁၃ ရက်နေ့၌ လွှတ်တော်ဇမ္ဗူသီရိအစည်းအဝေးခန်းမတွင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ဥပဒေချုပ်များနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ ယင်းအစည်းအဝေးမှာပင် ဤဥပဒေကြမ်းအား စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပါတယ်။ ယနေ့ တင်သွင်းတဲ့ဥပဒေကြမ်းအား ပြည်ထောင်စု ရှေ့နေချုပ်ရုံး စိစစ်ဖြည့်စွက်ချက်များအပေါ် မိမိတို့ဥပဒေကြမ်းကော်မတီမှ တစ်ပိုဒ် ချင်းအသေးစိတ်ပြန်လည်စိစစ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ မိမိတို့ဥပဒေကြမ်း ကော်မတီမှ အဆင့်ဆင့်ကြိုးစားပြုစုခဲ့သော အတည်ပြုဥပဒေကြမ်းဖြစ်သော်လည်း လိုအပ်ချက်များ များစွာရှိနေဦးမည် ဖြစ်ပါတယ်။ ဥပဒေကြမ်း၏ ကောင်းမွန်သော ရည်ရွယ်ချက်များကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သော ဥပဒေတစ်ရပ်ဖြစ်ပေါ်လာရေးအတွက် ဤဥပဒေကြမ်းကို လွှတ်တော်မှ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂(ခ)၊ အပိုဒ်ခွဲငယ် ၂ အရလက်ခံပြီး လွှတ်တော်တွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးနိုင်ပါရန် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်ပတ်သက်ပြီး ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်မြောက်ပိုင်း၊ ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတီခွန်မြတ်က တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို လွှတ်တော်မှလက်ခံဆွေးနွေးပေးပါရန် အဆိုကိုတင်သွင်းခဲ့ပါတယ်။ အဆိုပါ ဥပဒေ ကြမ်းသည် တိုင်းရင်းသားလူမျိုးများ အားလုံးတန်းတူညီမျှသော အခွင့်အရေးရရှိစေရန်၊ တိုင်းရင်းသား လူမျိုးအချင်းချင်း ထာဝစဉ်အတူတကွချစ်ကြည်ရင်းနှီးစွာဖြင့် လက်တွဲနေထိုင်ကြစေရန်၊ တိုင်းရင်း

သားလူမျိုးများရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစတဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး တင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံတော်သစ်တည်ဆောက်ရေးကာလမှာ အဆိုပါဥပဒေကို အမြန်ဆုံး ဥပဒေပြုပြဋ္ဌာန်းသွားရန် လိုအပ်ချက်ရှိနေတဲ့အတွက် လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း လေးစားစွာဖြင့် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လုပ်ထုံးလုပ်နည်းအရသာ အခုလို ဆက်လက်ပြီး ဆွေးနွေးနေခြင်း ဖြစ်ပါတယ်။ ဒီဥပဒေပေါ်ပေါက်ဖို့အတွက် ပြည်သူ့လွှတ်တော်မှာ အဆိုတင်သွင်းခဲ့ပါတယ်။ အဆိုတင်သွင်းသူ ဦးတီခွန်မြတ်ပြောသလိုပဲ လွှတ်တော်အတွင်းမှာလည်း ကိုယ်စားလှယ်များ များစွာအချိန်ယူပြီး ဆွေးနွေးခဲ့ပါတယ်။ ဒီကနေမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ကမှတစ်ဆင့် ပြည်ထောင်စုအစိုးရဆီရောက်သွားတဲ့အခါမှာ ဒီဥပဒေကို စတင်ပြဋ္ဌာန်းဖို့ နောက်ဆုံး ပြည်သူ့လွှတ်တော်ကိုပဲ ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကို ပြန်လည်ရောက်ရှိချိန်မှာ အဆင့်ဆင့်ဆောင်ရွက်မှုများကိုလည်း တင်ပြသွားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် သီးခြားအခြားဝန်ကြီးဌာန၊ အခြားဌာနများကို သီးခြားသဘောထားမှတ်ချက် မေးစရာမလိုတော့ဘဲနဲ့ လွှတ်တော်ကိုပဲ မူသဘောအရ လုပ်ထုံးလုပ်နည်းအရ ဆက်လက်တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တိုင်းရင်းသားလူမျိုးများရဲ့အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းနှင့် သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့်တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းကို ၁၄-၈-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ၂၀-၈-၂၀၁၃ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဆွေးနွေးလိုသူများကိုလည်း ၂၃-၈-၂၀၁၃ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယခုပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က လိုအပ်က ပြန်လည်ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှာပြင်ဆင်ခြင်းမပြုတဲ့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်သည့်အချက်များကို ဥပဒေကြမ်းကော်မတီက လွှတ်တော်မှာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်တင်ပြချက်ဇယားအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ (ဃ) အရ အတည်ပြုပေးနိုင်ပါရန် တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရှေးဦး

ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၁၉-၈-၂၀၁၃ ရက်နေ့တွင် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြင်ဆင်ချက်အဆိုတင်သွင်းသည့် ကိုယ်စားလှယ်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်ပြီး ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်၏ပြင်ဆင်ရန် တင်ပြချက်ဇယားတွင် ဖော်ပြထားသည့်အတိုင်း အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်မှ ၃၄ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်းကော်မတီက သဘောတူခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် အချက် ၂၀ ကတော့-

စာမျက်နှာ ၁ အမှတ်စဉ် (၁) ဥပဒေခေါင်းစည်း၊ စာမျက်နှာ ၁ အမှတ်စဉ် ၃၊ အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)၊ စာမျက်နှာ ၂ အမှတ်စဉ် ၅၊ အခန်း (၂) ပုဒ်မ ၃ ပုဒ်မခွဲ (ဂ)နဲ့ (ဃ)၊ စာမျက်နှာ ၃၊ စာမျက်နှာ ၅ အမှတ်စဉ် ၇၊ အမှတ်စဉ် ၁၀၊ အခန်း (၃) ပုဒ်မ ၄ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၆)နဲ့ (၇) ပုဒ်မ ၄ ပုဒ်မခွဲ (ဆ)၊ စာမျက်နှာ ၆ အမှတ်စဉ် ၁၄ အခန်း (၄) အသစ်ဖြည့်စွက်ချက် ပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၅) နဲ့ (၆) စာမျက်နှာ ၉ မှ ၁၁ အမှတ်စဉ် ၁၉၊ ၂၁၊ ၂၂၊ ၂၄၊ ၂၅၊ ၂၈၊ အခန်း (၅) ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ)နဲ့ (ဃ)၊ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)နဲ့ (ဂ)၊ ပုဒ်မ ၁၂ ပုဒ်မ ၁၄ ပုဒ်မခွဲ (ဂ)၊ စာမျက်နှာ ၁၃ မှ ၁၅ အမှတ်စဉ် ၃၃၊ ၃၅၊ ၄၀၊ ၄၁၊ ၄၂၊ အခန်း (၇) ပုဒ်မ ၂၁ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၂) ပုဒ်မ ၂၂ ပုဒ်မခွဲ (က) ပုဒ်မ ၂၆ ပုဒ်မခွဲ (ခ)နဲ့ (ဂ)၊ ပုဒ်မ ၂၇ ပုဒ်မခွဲ(က)၊ စာမျက်နှာ ၁၆ မှ စာမျက်နှာ ၁၉ အမှတ်စဉ် ၄၆၊ ၄၈၊ အခန်း (၉) ပုဒ်မ ၃၁၊ ပုဒ်မခွဲ(က) ပုဒ်မ ၃၃၊ စာမျက်နှာ ၂၀ အမှတ်စဉ် ၅၁ အခန်း (၁၁) ပုဒ်မ ၃၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁) တို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ရန်တင်ပြချက် အချက် ၂၀ တွင် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်မှ ၃၄ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း လွှတ်တော်မှ ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း ၃၄ ချက်ကိုသာ ဥပဒေကြမ်းကော်မတီမှ သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူ

ထားတဲ့ ၃၄ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီက သဘောတူထားသည့် ၃၄ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်နည်းဥပဒေ ၁၉၀ အရ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် အချက် ၂၀ အား တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက ကျွန်တော်တင်ပြပြီးဖြစ်တဲ့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ ပြင်ဆင်ထားတဲ့အချက် ၂၀ အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဆင်ထားတဲ့အချက် ၂၀ ကို အခုနက စာမျက်နှာ ၂ ဒေါင်လိုက်ဇယားမှာ သက်ဆိုင်ရာကော်မတီက တင်ပြထားပြီးဖြစ်ပါတယ်။ မိမိတို့ရဲ့ မူလဥပဒေကြမ်းများကိုနှိုင်းယှဉ်ကြည့်မယ်ဆိုရင် တွေ့ရှိပြီးဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၂၀ ချက်အား ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၂၀ ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားကြသော ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်းနဲ့ သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်တို့က ပြင်ဆင်ချက်သုံးချက်အား တစ်ပိုဒ်ချင်း စီအလိုက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခန်း (၄) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ)နဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်းကို ဖိတ်ခေါ်ပါတယ်။ ဒီလိုတင်သွင်းတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များ လွယ်ကူစွာသိမြင်နိုင်ရန်နဲ့ ဆုံးဖြတ်နိုင်ရန် ပေးထားအပ်ထားသော ကန့်လန့်ဖြတ်ဇယားကို ကြိုတင်တင်ပြဖို့နဲ့ ဆက်လက်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ အထူးလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေး ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ စာမျက်နှာ ၁၁ အမှတ်စဉ် ၂၉၊ အခန်း (၄) ပုဒ်မ ၁၃ နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြင်ဆင်ချက်အဆို တင်သွင်းခဲ့ပါတယ်။ မူလပြင်ဆင်ချက်အဆိုမှာ မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်းဆရာလက်စွဲ သီးခြားညွှန်ကြားချက်များနှင့်အညီ ရှေးဦးကလေးသူငယ်များအား ပြုစုပျိုးထောင်ပေးရမည်လို့ ဖော်ပြထားပါတယ်။ အဲ့လိုဖော်ပြချက်ဟာ ယေဘုယျဆန်ပါတယ်။ ကျွန်တော်တို့ လူသားအရင်းအမြစ်ဖြစ်တဲ့ ပညာရေးနဲ့ပတ်သက်တဲ့ မူလတန်းကြိုအဆင့် သင်ကြားပြုစုပျိုးထောင်ပေးတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံမှာ မူလတန်းကြိုကျောင်းတွေ စဖွင့်ပြီးကတည်းက မူလတန်းကြိုကလေးအရွယ်များဟာ ကလေးအရွယ်များကို ပြုစုစောင့်ရှောက်ပေးတဲ့အခါမှာ မူလတန်းကြိုအရွယ်လေးများကို စာပေသင်ကြားပစ်တာကို တွေ့ရှိရပါတယ်။ အဲ့လို မူလတန်းကြိုအရွယ်လေးတွေကို စာပေပညာသင်ကြားပေးပြီးတဲ့အခါမှာ ဦးနှောက်ရဲ့လက်ခံနိုင်မှု/မခံနိုင်မှု ပြဿနာတွေကြုံတွေ့ရပြီးတော့ ကလေးသူငယ်များဟာ စာပေသင်ကြားတဲ့ ဆရာ ဆရာမများရဲ့ လိုက်ဆို အလွတ်ကျက်၊ ခိုင်းမှလုပ်တတ်တဲ့အကျင့် ဖြစ်လာတတ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မူလတန်းကြိုအရွယ်ကလေးများကို မူလတန်းကျောင်းအမျိုးမျိုးမှာ ထိန်းသိမ်းစောင့် ရှောက်ပြုစုပျိုးထောင်တဲ့နေရာမှာ မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်း၊ ဆရာလက်စွဲ၊ သီးခြားညွှန်ကြားချက်များနှင့်အညီ ကျွန်တော့်အနေနဲ့ဖြည့်စွက်ပြီးတော့ အကြံပြုတင်ပြချင်တာက

မူလတန်းကြိုတန်းများတွင် ထားရှိအသုံးပြုသည့် သင်ယူရာနေရာများနှင့် အကြောင်းအရာ အခြေပြု ချဉ်းကပ်နည်းတို့ကို ချိတ်ဆက်အသုံးပြုပြီး ကလေးသူငယ်များအား ပြုစုပျိုးထောင်ပေးရမည်ဟု ကျွန်တော်တို့ ဖြည့်စွက်တင်ပြထားတာဖြစ်ပါတယ်။ ဘာကြောင့် ဒီလိုတင်ပြထားရသလဲဆိုလို့ ရှိရင် ကျွန်တော်တို့ မူလတန်းကြိုကျောင်းမှာ မူလတန်းပညာ၊ အလယ်တန်းပညာ၊ အထက်တန်းပညာ ကျောင်းသားကြီးများကဲ့သို့ စာအုပ်များနဲ့ စာပေပညာတွေ သင်ခန်းစာတွေကို သင်ပစ်တဲ့အခါမှာ ကျွန်တော်တို့ကလေးများရဲ့ စူးစမ်းရှာဖွေလိုစိတ်၊ စဉ်းစားဆင်ခြင်တွေးခေါ်လိုစိတ်တွေ လုံးဝကြီးထွား ရှင်သန်မလာတော့ဘဲနဲ့ စာအုပ်တွေ့ရင်၊ သင်ခန်းစာတွေ့ရင် ဆရာကရှင်းပြ၊ အလွတ်ကျက်၊ အသေ မှတ် အဲ့ဒီစနစ်တွေပဲ ကြီးထွားလာတာဖြစ်တဲ့အတွက် မူလတန်းကြိုကျောင်းတွေမှာ မူလတန်းကြို အတန်းများမှာ ဆရာ ဆရာမများက အခန်းတွင်းမှာရှိတဲ့သင်ကြားရ သင်ယူရတဲ့နေရာ၊ အခန်းတွင်းမှာ ရှိတဲ့နေရာအလိုက် ဆက်စပ်နေတဲ့အကြောင်းအရာများကို မူလတန်းကြိုအရွယ် ကလေးသူငယ်များ ကိုယ်တိုင် စူးစမ်းလေ့လာတတ်တဲ့အကျင့်တွေရအောင်၊ စဉ်းစားချင့်ချိန်တွေးခေါ် တတ်တဲ့အကျင့်တွေရ အောင်၊ နောက်တစ်ခါ ဆရာ ဆရာမများကို ပြန်လည်မေးမြန်းတတ်တဲ့ အကျင့်တွေရအောင် ပြုစု ပျိုးထောင်တဲ့အတွက် ပညာရေးဝန်ကြီးဌာနမှချမှတ်ထားခဲ့သော မူလတန်းကြိုတန်းများတွင် ထားရှိ အသုံးပြုသည့် သင်ယူရန်နေရာများနှင့် အကြောင်းအရာအခြေပြုချဉ်းကပ်နည်းကို အသုံးပြုစေချင်တဲ့ ရည်ရွယ်ချက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒီအဆိုကို ဥက္ကဋ္ဌကြီး ဦးဆောင်သော ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြင်ဆင်ချက်အဆိုနဲ့ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြော ပါ။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း တင်သွင်းသွားတဲ့အဆိုထဲမှာ ကျွန်တော်တို့ ဥပဒေ ကြမ်းကော်မတီရဲ့မူလပြဋ္ဌာန်းချက်က မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံဖွံ့ဖြိုးရေးသင်ရိုးညွှန်း တမ်း၊ ဆရာလက်စွဲ၊ သီးခြားညွှန်ကြားချက်များနဲ့အညီ ရှေးဦးကလေးသူငယ်များအား ပြုစုပျိုးထောင် ပေးရမည်ဆိုတဲ့အချက် ပြည့်စုံပြီးတော့ ကျစ်လစ်ပြီးသားဖြစ်ပါတယ်။ ဦးစိန်ထွန်း တင်သွင်းတဲ့ အကြောင်းအရာတွေထဲမှာ အကြောင်းအရာအခြေပြုချဉ်းကပ်နည်းဆိုတာ ဆရာလက်စွဲထဲမှာပါသွား မှာဖြစ်ပါတယ်ခင်ဗျ။ သို့တည်းမဟုတ် သီးခြားညွှန်ကြားချက်နဲ့ဆက်ပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိ

ရင် ဥပဒေမှာ သီးခြားသတ်မှတ်မထားဘဲနဲ့ ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်အတိုင်းထားမယ်ဆိုရင် အရေးအသားအားဖြင့်လည်း ကျစ်လစ်သွားမယ်။ အဓိပ္ပာယ်ကလည်း ပျက်ပြယ်ခြင်းမရှိတဲ့အတွက် မူလပြဋ္ဌာန်းချက်အတိုင်းသာ အတည်ပြုသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မတို့ မူကြိုအရွယ်ကလေးတွေဟာ မူလတန်းကြိုအဆင့်ပဲရှိပါတယ်။ သူတို့စာသင်ပြခြင်းလည်းမရှိပါဘူး။ သူတို့ရဲ့လွတ်လပ်စွာယဉ်ကျေးမှုနဲ့ သူတို့ရဲ့ဉာဏ်ရည်ဖွံ့ဖြိုးမှုကိုသာ အခုနက ထိန်းသိမ်းပေးတာဖြစ်တဲ့အတွက် ကျွန်မတို့ရဲ့ ဆရာလက်စွဲနဲ့ သီးခြားညွှန်ကြားချက်များနှင့်အညီ ရှေးဦးကလေးသူငယ်များကို ပြုစုပျိုးထောင်နေခြင်းပဲဖြစ်ပါတယ်။ သို့အတွက်ကြောင့်မို့လို့ ကျွန်မတို့ မူလပြဋ္ဌာန်းထားတဲ့အထဲမှာ ဦးစိန်ထွန်း၊ ထန်းတပင်မဲဆန္ဒနယ် ဖြစ်စေချင်တာတွေအားလုံးလည်း ပါဝင်ပါတယ်ဆိုတာကို ပြောကြားရင်းနဲ့ ကျွန်မပြန်လည်ဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိန်ထွန်း၊ ထန်းတပင်က မိမိရဲ့ သဘောထားပြန်လည်တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိန်ထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီလိုပြဋ္ဌာန်းထားတာကတော့ ပညာရေးဝန်ကြီးဌာနမှဖြစ်စေ၊ လူမှုဝန်ထမ်းဌာနတွေမှာဖြစ်စေ၊ ယေဘုယျခြုံပြီးတော့ ပြဋ္ဌာန်းခဲ့ကြတာကြီးပါပဲခင်ဗျား။ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်ပဲ ပညာရေးဌာနမှာ ဒီလွှတ်တော်ကိုယ်စားလှယ်မဖြစ်မီဘဝအထိ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှာ ပညာရေး၊ သင်ကြားရေး၊ သင်ယူရေးကာလမှာပဲ ကျင်လည်ခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ မူလတန်းကြို မူကြိုကျောင်းများအားလုံးမှာ စာပေပညာ သင်ကြားတဲ့အဆင့်၊ စာအုပ်မရောက်တောင်မှ ကဗျာ၊ နောက်တစ်ခါ စာလုံးအရေးအသားအထိ သင်ပစ်တာကိုပဲ ကျွန်တော်တို့ တွေ့နေရပါတယ်။ ဒီနေ့လည်း အဲ့လိုပဲ မူကြိုကျောင်းတွေကို ထိထိရောက်ရောက်လေ့လာကြည့်မယ်ဆိုလို့ရှိရင် အဲ့လိုဖြစ်နေပါတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်တို့က ကလေးတွေကို ကိုယ့်ကိုကိုယ်တာဝန်ယူနိုင်တဲ့ပညာရေးစနစ်ကို ချိတ်ဆက်နိုင်မယ့်ကလေးများရဲ့ ပင်ကိုယ်ရှိတဲ့ဉာဏ်ရည်နဲ့ စဉ်းစားဆင်ခြင်တွေးခေါ်နိုင်မယ့် သင်ကြား

နည်းမျိုးကို ယေဘုယျဆန်ဆန်နဲ့ ကျွန်တော်တို့ ညွှန်ကြားချက်ဥပဒေမလုပ်ထားဘဲနဲ့ တိတိကျကျ ထည့်သွင်းပေးမှသာလျှင် ဒီမူကြိုအရွယ်ဟာ အလွန်အရေးကြီးတဲ့အရွယ်ဖြစ်လို့ ဒါလေးကို တိတိကျကျ ခိုင်ခိုင်မာမာ ပြဋ္ဌာန်းစေချင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီလိုထည့်သွင်းရေးသားဖော်ပြရခြင်းဖြစ်ပါတယ်။ အခုနက ဝန်ကြီးဌာနက တင်ပြခဲ့သလို ပါပြီးသားဖြစ်တယ်ဆိုတာတော့ အမြဲတမ်းပေါ်ခဲ့ပြီးတဲ့ ဥပဒေတိုင်းမှာ ဒီလိုပဲပါနေကျပါပဲ။ သို့သော် တကယ့်လက်တွေ့ဆောင်ရွက်တဲ့အခါမှာ ဆရာ ဆရာမများက အလွယ်တကူဆောင်ရွက်ကြပါတယ်။ မူလတန်းကြိုကျောင်း ထူထောင်တဲ့ပုဂ္ဂိုလ်များကလည်း ကျောင်းသားဦးရေ များများလက်ခံလာတဲ့အခါမှာ ဆရာ ဆရာမတစ်ယောက် ကလေး ၄၀၊ ၃၀ အဲ့လိုလုပ်လာတဲ့အခါမှာ ငြိမ်အောင်ထိန်းနိုင်ဖို့အတွက် စာပေပညာသင်ကြားပစ်တယ်။ အနည်းဆုံးတော့ ကဗျာ၊ လင်္ကာတွေ ရွတ်ဆိုပစ်တယ်။ ဒါတွေဖြစ်ကုန်တာပါ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က တိတိကျကျထည့်သွင်းစေချင်တဲ့အတွက် အားလုံးလိုက်နာဖို့အတွက် ကျွန်တော် ဒါကို အဆိုတင်သွင်းရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ အခု ဦးစိန်ထွန်း တင်ပြတဲ့တင်ပြချက်ကို ဥပဒေထဲမှာပဲ တစ်ခါတည်း ပြဋ္ဌာန်းရန်လို/မလိုနဲ့ တကယ်လို့ ဥပဒေထဲမှာ မလိုဘူးဆိုလို့ရှိရင်လည်း နည်းဥပဒေထဲမှာဖော်ပြရင်း မည်သည်ကပိုပြီးတော့ သင့်တယ်ဆိုတဲ့ အခြေအနေမျိုးကို ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေအရေးအသားတစ်ခုမှာ ကျစ်လစ်ခိုင်မာဖို့ အရေးကြီးပါတယ်။ ဥပဒေဟာ ဖောင်းပွဖို့မသင့်ပါဘူး။ ဒါ့ကြောင့် တကယ်လို့များ ဦးစိန်ထွန်းက ထည့်မယ်ဆိုရင်တော့ နည်းဥပဒေမှာပဲ ထည့်သင့်ပါတယ်။ ဥပဒေထဲမှာ ထည့်လိုက်မယ်ဆိုလို့ရှိရင် ဒီဥပဒေဟာ ကန့်သတ်ချက်ဖြစ်သွားပြီးတော့ ကျဉ်းမြောင်းသွားမှာကိုလည်း စိုးရိမ်ပါတယ်။ ဒါ့ကြောင့် တကယ်လို့ထည့်မယ်ဆိုရင်တော့ နည်းဥပဒေမှာသာ ထည့်သင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးစိန်ထွန်းရဲ့ သဘောထား ပြန်လည်ရှင်းလင်းတင်ပြပါ။ တိုတိုလိုရင်းပါပဲ။

**ဦးစိန်ထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ နည်းဥပဒေမှာ ဒီမူလတန်းကြိုတန်းများတွင် ထားရှိအသုံးပြုသည့် သင်ယူနေရာများနှင့် အကြောင်းအရာ၊ အခြေပြုချဉ်းကပ်နည်းဆိုတဲ့ စကားလုံးကို တိတိကျကျထည့်သွင်းပေးမယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ လက်ခံပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ကဲဒါ့ကြောင့် အခုမူလပြဋ္ဌာန်းချက်ဖြစ်သော မူလတန်းကြိုအရွယ်ကလေးများ ဘက်စုံ ဖွံ့ဖြိုးရေးသင်ရိုးညွှန်းတမ်း၊ ဆရာလက်စွဲ၊ သီးခြားညွှန်ကြားချက်များနဲ့အညီ ရှေးဦးကလေးသူ ငယ်များအား ပြုစုပျိုးထောင်ပေးရမည် နဲ့ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် မူလပြဋ္ဌာန်းချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့ အစည်းများက ဒီဥပဒေကို နည်းဥပဒေဖြင့်ရေးသားဖော်ပြခဲ့တဲ့အခါမှာ ဦးစိန်ထွန်း၊ ထန်းတပင်မဲဆန္ဒ နယ်ရဲ့ တင်ပြချက်အတိုင်း အဓိပ္ပာယ်ပါရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဆက်လက်ပြီး ဦးစိန်ထွန်းက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ စာမျက်နှာ ၁၂ အမှတ်စဥ် ၃၀၊ အခန်း (၄) ပုဒ်မ၁၃ (င)မှာပါတဲ့ မူလပြဋ္ဌာန်းချက်ဖြစ်တဲ့ မူလတန်းကြိုကျောင်းဖွင့်လှစ်မည့် အဆောက် အအုံသည် ရှေ့ဦးကလေးသူငယ်တစ်ဦးစီအတွက် အနည်းဆုံးဧရိယာပျမ်းမျှ ၁၈ စတုရန်းပေ စီအကျယ်အဝန်းရှိရမည်လို့ ဖော်ပြထားတဲ့အဆိုကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းလို တာက မူလတန်းကြိုကျောင်းဖွင့်လှစ်မည့် အဆောက်အဦသည် ရှေးဦးကလေးသူငယ် တစ်ဦးစီ အတွက်အနည်းဆုံး ဧရိယာပျမ်းမျှ ၂၀ စတုရန်းပေစီ အကျယ်အဝန်းရှိရမည်လို့ ကျွန်တော့်အနေနဲ့ အဆိုတင်သွင်းထားပါတယ်။ ဘာကြောင့်ဒီလိုတင်ပြထားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ပညာ သင်ကြားသင်ယူမှု ကျောင်းဆောင်တွေရဲ့ အဆောက်အဦစံနှုန်းဟာ အနည်းဆုံး၊ အငယ်ဆုံးအဆောက် အဦဖြစ်တဲ့ အဆောက်အဦ ဟာ ၆၀၊ ၃၀ ပါ။ အလတ်စားက ၉၀၊ ၃၀ ပါ။ အကြီးစားက ၁၂၀၊ ၃၀ပါ။ အဲ့ဒီမှာ ၆၀၊ ၃၀ ဆိုလို့ ဘာကြောင့် တည်ဆောက်ကြရတာလည်းဆိုလို့ရှိရင် အလျား၆၀၊ အနံ ၆၀ စတုရန်းပေပေါင်း ၁၈၀၀ တည်ဆောက်တာဟာ ကျွန်တော်တို့ မူလတန်း၊ အလယ်တန်းကျောင်းသား အဲ့ဒီအထဲမှာ ၆၀ ထည့်သွင်းပြီးတော့ သင်ကြားသင်ယူမှုပြုနိုင်အောင်လို့ ဆောက်ထားတာဖြစ်ပါတယ်။ ဒါပေမယ့် မူလတန်းကြိုကလေးတွေ အတွက်ကျတော့ ဒီ ၆၀၊ ၃၀ဆောက်ခဲ့ရင် ကျွန်တော်တို့ တစ်ယောက်ကို ပျမ်းမျှစတုရန်းပေ ၂၀ စီထားပြီးတော့ ဆောက်လိုက်လို့ရှိရင် ကျွန်တော်တို့ ကျောင်းသားဦးရေတော့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားများထက် ပိုပြီးတော့သွင်း လို့ရပါတယ်။ ဒီဟာကလည်းပဲ ပညာရေးဝန်ကြီးဌာနအပါအဝင် ကျွန်တော်တို့ ပညာသင်ကြားသင်ယူမှု ကလေးသူငယ်များပြုစုစောင့်ရှောက်မှု၊ ဌာနများကမူလတုန်းထဲက အခြေခံချထားတဲ့ စံချိန်စံညွှန်းဖြစ်

တဲ့အတွက် ကျွန်တော်တို့ မူလတန်းကြိုကျောင်းတွေမှာ တစ်ဦးကို စတုရန်းပေ ၁၈ ပေ စီလုပ်လိုက်လို့ ရှိရင် အဆောက်အဦဟာ ကျွန်တော်တို့မူလသတ်မှတ်ထားတဲ့ အဆောက်အဦစံချိန်နဲ့ လျော့နည်းနေပြီး တော့ သင်ကြားသင်ယူမှုအထူးသဖြင့် ဒီနေ့ကလေးကို သင်ကြားသင်ယူမှုကိစ္စရပ်တွေမှာ ပေကျင်း သွားပြီးတော့ ကျွန်တော်တို့ သင်ကြားသင်ယူမှု အခက်အခဲလေးတွေ တွေ့ကြုံနိုင်ရတဲ့အတွက် မူလ တုန်းထဲက ထားရှိတဲ့စံချိန်စံညွှန်းဖြစ်တဲ့ ဒီကလေးသူငယ်တစ်ဦးစီတိုင်းရဲ့ ပျမ်းမျှအကျယ်အဝန်းဟာ ဧရိယာစတုရန်းပေ ၂၀ ထားရှိသင့်ကြောင်းအဆို တင်သွင်းအပ်ပါတယ်။ ဒီအဆိုကိုလည်း ပြည်သူ့ လွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာမြတ်မြတ်အုန်းခင်(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဆရာဦးစိန်ထွန်း ပြောတာ ၆၀၊ ၃၀ ကတော့ မူလတန်းကျောင်းပါရှင့်။ မူလတန်းကျောင်း ကတော့ ကျောင်းသားဦးရေ ကန့်သတ်ချက်က တစ်ခါတစ်ရံ ၁၀၀ ကျော်ထိရှိသွားတတ်ပါတယ်။ ကျွန်မတို့ ဒီမူကြိုကတော့ ၃၀ သတ်မှတ်ပါတယ်။ ကျောင်းသားဦးရေ။ ဆိုတော့ ၃၀ သတ်မှတ်ပြီးတော့ တစ်ခါတစ်ရံများရင်တော့ ၅၀ လောက်ထိရှိသွားတတ်ပါတယ်။ ဒါသည်လည်းပဲ Unicef ရဲ့ International Standard အရကျွန်မတို့ဆောက်ထားခြင်းပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးသိန်းထွန်းဦး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအခု အငြင်းပွား နေတာ ပျမ်းမျှ ၁၈ စတုရန်းပေနဲ့ ပျမ်းမျှ ၂၀ စတုရန်းပေပဲဖြစ်ပါတယ်။ ပျမ်းမျှဆိုတဲ့စကားလုံးပါပါ တယ်ခင်ဗျား။ ပျမ်းမျှဆိုတဲ့ စကားလုံးပါတဲ့အတွက် ကျွန်တော်က ၁၈ ကို သတ်မှတ်ထားမယ်။ ပျမ်းမျှ ၁၈ ကိုသတ်မှတ်ထားမယ်ဆိုလို့ရှိရင် ပိုပြီးတော့သင့်တော်ပါတယ်။ ဘာကြောင့်လဲဆိုတဲ့အခါကျတော့ စောစောက ဦးစိန်ထွန်းတင်ပြသွားသလို ပျမ်းမျှ ၂၀ ကိုသာအဓိကထားမယ်ဆိုရင် တချို့နေရာ မလောက်တဲ့နေရာမှာဆိုရင် အခက်အခဲလည်းတွေ့နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီကတော့ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းနဲ့ ကိုက်ညီတဲ့မူလပြဋ္ဌာန်းချက် ပျမ်းမျှ ၁၈ စတုရန်းပေကိုသာလျှင် အတည်ပြုသင့်ကြောင်းလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးစိန်ထွန်း ထန်းတပင်မဲဆန္ဒနယ်ရဲ့ အဆိုကို ထောက်ခံမယ့်၊ ထောက်ခံရင် မူလအဆိုကို ကန့်ကွက်ရန်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဦးစိန်ထွန်း ထန်းတပင်ရဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ်ပေးပါ။ ကန့်ကွက်ဆန္ဒများတဲ့အတွက် မူလပြဋ္ဌာန်းချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၂း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**⊞ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခန်း ၈ အပိုဒ် ၂၉ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်ကိုဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး အားမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင် ဖြစ်ပါတယ်။ သုံးခွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်ခွင့်ယူထားတဲ့အတွက် ဒေါ်စုစုလွင်ကိုယ်စား ဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်း မူလပုဒ်မ ၂၉ (ခ) နှင့် ၂၉ (ဃ)တို့ ဥပဒေကြမ်းကော်မတီက ပုဒ်မ ၃၄ (က) နှင့် (ခ) အဖြစ် ပြင်ဆင်ပြောင်းလဲလိုက်ပါတယ်။ ပုဒ်မ ၃၄ ကိုကြည့်မယ်ဆိုရင် မည်သူမဆိုအောက်ပါပြုလုပ်မှု တစ်ရပ်

ရပ်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။ (က) ခွင့်ပြုချက်မရရှိပဲ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်း ဆောင်ရွက်ခြင်း၊ (ခ) ခွင့်ပြုချက်ကိုကာလအကန့်အသတ်ဖြင့် ရုတ်သိမ်းထားသည့်ကာလအတွင်းတွင် သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင်သော်လည်းကောင်း၊ ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းဆောင်ရွက်ခြင်း၊ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်း ဆောင်ရွက်လို့ရှိရင် ဒဏ်ငွေ ၁၀ သိန်းတပ်တာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပုဒ်မ ၃၄ (က)နှင့်(ခ) ကို ပယ်ဖျက်ပေးဖို့အဆို တင်သွင်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှေးဦးကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဥပဒေကြမ်းဟာ ရှေးဦးကလေးသူငယ်များဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ဖြစ်ပါတယ်။ နေ့ကလေးထိန်းမူကြိုကျောင်းများဖွင့်တာလည်း ဒီမူကြိုအရွယ်ကလေးသူငယ် လေးတွေ မူလတန်းကျောင်းကိုဝင်တဲ့အချိန်မှာ ပြင်ဆင်ပေးတဲ့ကာလလေးဖြစ်ပါတယ်။ စာမသင်ပါ ဘူး။ ဘာတွေသင်ပေးသလဲ။ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု Sociological Development နှင့် ရုပ်ပိုင်း ဆိုင်ရာဖွံ့ဖြိုးမှု Physical Development တွေကို အဓိကထားသင်ပါတယ်။ ဘာတွေသင်ပေးလဲ ဆိုလို့ရှိရင် ကျွန်တော်တို့ကြမ်းတမ်းစွာမဟုတ်တဲ့ ထိခိုက်ဒဏ်ရာမရတဲ့ကစားနည်းလေးတွေကို သင် ပေးပါတယ်။ ဝိုင်းကြီးပတ်ပတ်ကစားတာ၊ ခုံနေရာလုတာလေးတွေ သင်ပေးပါတယ်။ စိတ်ပိုင်း ဆိုင်ရာအနေနဲ့ဆိုရင် ဥပမာ သံဃာတော်တွေကြွလာတယ်။ ဘုန်းဘုန်းတွေကြွလာတယ်။ ကန်တော့ ရမယ်။ လူကြီးသူမ ရိုသေရမယ်ဆိုတဲ့ ဒါမျိုးလေးတွေကိုသင်ပေးတာ၊ အိပ်ချိန်တန်အိပ်၊ စားတဲ့အခါမှာ လည်း စားထိုင်စားနည်းကအစ အကုန်လုံးသင်ပေးပါတယ်။ အဲ့ဒီတော့ဒီလို မူကြိုနေ့ကလေးထိန်း ကျောင်းလေးတွေကို ခွင့်ပြုချက်မရဘဲနဲ့ ပိတ်ထားလိုက်တယ်ဆိုတဲ့ကန့်သတ်ချက်နဲ့တင် လုံလောက် ပါပြီ။ ဘာလို့ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းတွေလုပ်ရတာတွေကို ပြစ်ဒဏ်ပေးတဲ့ ပုဒ်မကို ဘာ့ကြောင့်ထည့်ရပါသလဲ။ ကျွန်တော်တို့တစ်တွေဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလကို သွားနေတဲ့အချိန်မှာ ကျွန်တော်တို့ပြည်သူ့ရေးရာကော်မတီကနေ အသင်းအဖွဲ့ဆိုင်ရာဥပဒေ တစ်ရပ်ကိုပြဋ္ဌာန်းပါတယ်။ အခြေခံဥပဒေကပေးထားတဲ့ လွတ်လပ်စွာအသင်းဖွဲ့ပြီးတော့ ရပ်ရွာအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးလုပ်ဖို့ဆိုပြီးတော့ အသင်းအဖွဲ့ဆိုင်ရာဥပဒေတွေမှာတောင်မှ လွတ်လွတ် လပ်လပ်ဖွဲ့ခွင့်ပေးနေတာ။ ဒီရပ်ရွာအခြေပြုလုပ်ငန်းလေးနဲ့ အိမ်အခြေပြုလုပ်ငန်းလေးတွေ မလုပ်ရ ဘူးဆိုပြီး တားမြစ်လို့ရှိရင် ကျွန်တော်တို့လွှတ်တော်ကော်မတီတစ်ခုက တစ်မျိုးပြောတယ်။ နောက်

ကော်မတီတစ်ခုကတစ်မျိုးပြောတယ်ဆိုရင် ကျွန်တော်တို့ရဲ့ လွှတ်တော်ရဲ့ဂုဏ်သိက္ခာလေးများ ပွန်းပဲ့သွားမလား တစ်ချက်စဉ်းစားဖို့ကောင်းပါတယ်။ နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့တစ်တွေ ဒီနေ့ကလေးထိန်းကျောင်းလေးတွေကို၊ မူကြိုကျောင်းတွေဖွင့်တာဟာ များသောအားဖြင့်မြို့တွေမှာပဲ ဖွင့်တာပါ။ ဒီနေ့ ကလေးထိန်းကျောင်းတွေကိုအပ်တာလည်း များသောအားဖြင့် တတ်နိုင်တဲ့သူတွေအပ်ပါတယ်။ မြို့က ကလေးလေးတွေ ဂိမ်းတွေကစားနေတဲ့အချိန်မှာ ကျွန်တော်တို့လက်ရှိမျက်မြင်ကိုယ်တွေ့တောက ကလေးလေးတွေ ထိန်းပေးမယ့်လူမရှိပါဘူး။ အဲ့လိုထိန်းပေးမယ့်လူမရှိတဲ့အခါမှာ ကျွန်တော်တို့တစ်တွေ ဆယ်တန်းအောင်တဲ့ကျောင်းသူလေးတွေဖြစ်ဖြစ်၊ ဘွဲ့ရအလုပ်မရှိတဲ့ကလေးလေးတွေက နီးစပ်ရာ ကလေးလေးတွေခေါ်ပြီးတော့ ထိန်းသိမ်းပေးတာ၊ ကူညီပေးတာ၊ ရပ်ရွာအခြေပြုလုပ်ငန်းတွေ၊ အိမ်အခြေပြုလုပ်ငန်းလေးတွေ အဲ့လိုလုပ်ငန်းလေးတွေကို ခွင့်ပြုချက်မရဘဲနဲ့ပိတ်လိုက်တယ်။ ဒါပေမယ့် ဒီလိုလုပ်ငန်းလေးတွေလုပ်တာကိုတော့ တားမြစ်ဖို့မသင့်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ ကနေ့ UNICEF တို့၊ ကမ္ဘာ့ဘဏ်တို့က ဒီမူကြိုကျောင်းလေးတွေကို အားပေးနေပါတယ်။ ဘာ့ကြောင့်မူကြိုကျောင်းလေးတွေ အားပေးတာလဲဆိုရင် ဒီမူကြိုကျောင်းကိုတက်လာတဲ့ကလေးလေးတွေဟာ အတန်းကျောင်းကိုရောက်တဲ့အခါမှာ တစ်ခြားကလေးတွေထက် ပိုမိုသာလွန်ပါတယ်။ နောက်ဆုံးလုပ်ငန်းခွင်ရောက်တော့လည်း မူကြိုကျောင်းတက်ခဲ့တဲ့ကလေးတွေဟာ ကောင်းမွန်တဲ့အခြေအနေရပါတယ်။ ဒါ့ကြောင့်မို့ UNICEF တို့၊ ကမ္ဘာ့ဘဏ်တို့က ဒီလိုမူကြိုကျောင်းတွေနဲ့ပတ်သက်လို့ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးဖို့အတွက် အမျိုးသားစီမံကိန်းဥပဒေတောင်မှလုပ်ဖို့ အားပေးနေတဲ့အချိန်ကာလဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကြုံလို့ ကျွန်တော်သိတာလေး၊ ကြားလာခဲ့တာလေးတစ်ခုတင်ပြချင်ပါတယ်။ ဒါကလည်း ပြန်လည်ပြီးဝေဖန်တာမဟုတ်ပါဘူး။ ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုတော့ မူကြိုကျောင်းလေးတွေဖွင့်ရင် နေရာကျယ်ဝန်းရပါတယ်။ Spacious ဖြစ်ရမယ်။ အဲ့ဒီတော့ ကလေးသူငယ်တစ်ဦးချင်းစီရဲ့ ရပိုင်ခွင့်ဧရိယာလေးဟာ ကျွန်တော်ကြားဖူးတာကတော့ 20 Square feet ဖြစ်ပါတယ်။ ၂၀ စတုရန်းပေပါ။ ဒါခုနကဟာကို ကျွန်တော်ပြန်ပြီးပြောတာမဟုတ်ပါဘူး။ ကျွန်တော်ကြားခဲ့ရတာကို ပြန်တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့ဥပဒေကြမ်းကော်မတီက ပုဒ်မ ၃၄ (က)(ခ) နဲ့လည်းပယ်ဖျက်ပေးစေချင်ပါတယ်။ တတိယအချက် ဒီဟာကိုကျွန်တော် ဘာ့ကြောင့်ပယ်ဖျက်ချင်တာလည်းဆိုရင် ကျွန်တော်တို့လက်ရှိကာလမှာ ကျွန်တော်တို့တစ်တွေ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲသား

ပပျောက်ရေးဆိုတဲ့ အဓိကထားလုပ်ငန်းကြီးလုပ်နေတဲ့အချိန်မှာ အိမ်မှာရှိနေတဲ့ကလေးသူငယ် စောင့်ရှောက်မယ့်သူမရှိပါဘူး။ ကြည့်ရှုမယ့်သူမရှိပါဘူး။ အစ်ကိုတွေ၊ အစ်မတွေကထိန်းရပါတယ်။ ပြီးရင်အဲ့ဒီအစ်ကိုတွေ၊ အစ်မတွေကျောင်းတက်ပြီဆိုရင် ကလေးလေးဘယ်သူ့ဆီထားခဲ့မလဲ။ အဲ့ဒါ လေးကိုစဉ်းစားမယ်ဆိုရင်၊ ခံစားတတ်မယ်ဆိုရင် ဥပဒေကြမ်းကော်မတီကအဆိုပြုတင်ပြထားတဲ့ ပုဒ်မ ၃၄ (က)နှင့်(ခ) ကိုပယ်ဖျက်ပြီးတော့ ကျွန်တော်တင်ပြပယ်ဖျက်ပေးဖို့အဆိုကို ဤဥပဒေရဲ့ အစိတ် အပိုင်းအဖြစ်တင်သွင်းပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါ တယ်။ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားရှင်းလင်းတင်ပြပါ။

**ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ရှင့်။ ကျွန်မတို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ အခု အချိန်က ကျွန်မတို့ပညာရေးစနစ်ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမူကြိုကလေးများရဲ့ ကာယ၊ ဉာဏ ဖွံ့ဖြိုး ရေးကိုလည်း တည့်မတ်စွာအတွက် ကျွန်မတို့ကတစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ရခြင်းပဲ ဖြစ်ပါတယ်။ သုံးနှစ်နှင့် ငါးနှစ်အရွယ်ကလေးများအတွက် ဖွံ့ဖြိုးတိုးတက်မှု တစ်ပြေးညီရရှိရေးက တစ်ကြောင်းပါ။ နောက်တစ်ကြောင်းကတော့ အခုချိန်မှာ Private ကျောင်း တွေရှိသလို၊ Public ကျွန်မတို့နိုင်ငံတော်ရဲ့ကျောင်းတွေရှိပါတယ်။ ခုနက ရပ်ရွာအခြေပြုတွေလည်း ရှိပါတယ်။ ကျွန်မတို့ ဝန်ကြီးဌာနမှာရှိတဲ့ လူမှုဝန်ထမ်းဦးစီးဌာနက ရပ်ရွာအခြေပြုကျောင်းတွေရော၊ အိမ်ကအခြေပြုကျောင်းတွေကိုပါ ကျွန်မ တို့ကူညီစောင့်ရှောက်ပေးနေတာဖြစ်ပါတယ်။ နို့မို့ဆိုရင် Private ကထွက်တဲ့ ကလေးကတစ်ခု၊ Public ကထွက်တဲ့ကလေးကတစ်ခု၊ ရပ်ရွာကတစ်ခု၊ အိမ် အခြေပြုကတစ်ခုဆိုတော့ မျိုးစုံသောစနစ်နဲ့ ကလေးတွေရဲ့ကာယဉာဏဖွံ့ဖြိုးတိုးတက်မှု မညီညာမှာ ဖြစ်တဲ့အတွက် ကျွန်မတို့က ဒီ ECCD Law ကိုဆွဲရခြင်းဖြစ်ပါတယ်။ အဲ့လိုလုပ်ပြီးတဲ့အခါမှာ ရပ်ရွာ မှာရော၊ ဒီ ၇၀ ရာခိုင်နှုန်းသော ကျေးရွာလူထုရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နေတာဖြစ်တဲ့အတွက် UNICEF နဲ့ကျွန်မတို့ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ပူးပေါင်းပြီးတော့ ရပ်ရွာအခြေပြုကျောင်းလေးတွေရော၊ အိမ်အခြေပြုကျောင်းလေးတွေကိုပါ Private Sector မှာသင်တဲ့မူနဲ့ ကျွန်မတို့ Public ကချမှတ်တဲ့မူ ကိုအားလုံးတစ်ပြေးညီ ဆောင်ရွက်ပြီးတော့ ကျေးရွာမှာရှိတဲ့ကလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို

ဆောင်ရွက်ပေးချင်တဲ့အတွက် ကျွန်မတို့ ဒီလိုဆောင်ရွက်ထားပေးခြင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဒီလိုမျိုးထပ်ပြီးတော့ ထပ်ထည့်ပေးတာလည်း ကျွန်မတို့အတွက် လွန်စွာသင့်တော်ပါတယ်။ ကျွန်မတို့ဝန်ကြီးဌာနအနေနဲ့တော့ Technical ပိုင်းလေးလုပ်ထားတာဖြစ်ပါတယ်။ အခုပြည်သူ့လွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ထားပေးမှုကို ကျွန်မကျေနပ်ပါတယ်ဆိုတာပြောကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီပုဒ်မ ၃၄ ဟာခွင့်ပြုချက်မရှိဘဲ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းနှင့်ပတ်သက်လို့ ဒီအချက်လေးကိုကွက်ကြည့်လို့မရပါဘူး။ ဥပဒေကြမ်းရဲ့တစ်ခုလုံးမှာက ပြည်တွင်းပြည်ပကလျှောက်ထားကြမယ့် လုပ်ငန်းများရှိပါတယ်။ အလားတူပဲဒီလုပ်ငန်းတွေကို မလုပ်ရဘူးလို့ပြောထားတဲ့ဥပဒေလည်း မဟုတ်ပါဘူး။ ဒီလုပ်ငန်းကိုလုပ်ဖို့အတွက်ခွင့်ပြုပေးထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါ့ကြောင့်ဒီနေ့သွားနေတဲ့ ဒီမိုကရေစီလမ်းကြောင်းအရစည်းကမ်းစနစ်ကျဖို့အတွက် ဒီဥပဒေက ဘယ်လိုလျှောက်ထားရမယ်။ ဘယ်ကနေခွင့်ပြုချက်တွေတင်ရမယ်။ ဘယ်ဆိုတဲ့ကန့်သတ်ချက်များကို ဖြည့်စည်းထားခြင်းဖြစ်ပါတယ်။ ဒီလိုစနစ်တကျမရှိဘဲနဲ့ကျွန်တော်တို့ ကန့်သတ်ချက်များကို ကျူးလွန်လို့ရှိရင်တော့ ဒီမှာပြစ်ဒဏ်အနေနဲ့ ထောင်ဒဏ်တောင်မပါပါဘူး။ ဒါကိုတော့ မလုပ်ပါနဲ့။ လုပ်လို့ရှိရင်တော့ ၁၀ သိန်းထက်မပိုသောငွေဒဏ်ကိုတော့ ချမှတ်ပါမယ်ဆိုတဲ့ ကန့်သတ်ချက်လေးဖြစ်ပါတယ်။ တကယ်လို့ဒီကန့်သတ်ချက်ကိုသာ ပယ်ဖျက်လိုက်မယ်ဆိုရင် ဥပဒေပြဋ္ဌာန်းရတဲ့ရည်ရွယ်ချက်ကြီးတစ်ခုလုံးလည်း ပျက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ဥပဒေကြမ်းကော်မတီအနေနဲ့တော့ ဒီအချက်များကို ကျွန်တော်တို့လုပ်ငန်းတွေကိုမလုပ်ရလို့ ပြောခြင်းမဟုတ်ပါ။ လုပ်ငန်းများဆောင်ရွက်တာကို အားပေးတဲ့ဥပဒေဖြစ်ပါကြောင်း လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါတယ်။

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အနည်းငယ်ဖြည့်စွက်ပြီးတော့ တင်ပြပါမယ်။ ကျွန်တော်က လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဖြစ်တဲ့အတွက် ကျွန်တော်တို့ကော်မတီနဲ့ သက်ဆိုင်ပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ ဝန်ကြီးဌာနရော၊ ဥပဒေကြမ်းကော်မတီရော၊ ဒေါ်စုစုလွင်ရောခေါ်ပြီးတော့မှ ကျွန်တော်တို့ဆွေးနွေးကြတဲ့အခါမှာ ဥပဒေတိုင်းမှာ ပြစ်ဒဏ်ကတော့ ထည့်ပေးထားရတာဖြစ်ပါတယ်ဆိုတာကို

အားလုံးလက်ခံကြပါတယ်။ ပြစ်ဒဏ်အနေနဲ့ကတော့ ယခင်တုန်းက ထောင်ဒဏ်ပါ ပါနေတဲ့အတွက် ထောင်ဒဏ်မသင့်တော်ဘူးဆိုပြီးတော့ ကျွန်တော်တို့က ငွေဒဏ်ကိုပဲလျှော့ချလိုက်ပါတယ်။ ဒီမှာလည်းပဲ တရားလိုအဖြစ် တရားစွဲမယ့်ပုဂ္ဂိုလ်ဟာ လူမှုဝန်ထမ်းဝန်ကြီးဌာနက ဦးစီးအရာရှိပဲဖြစ်နေပါတယ်။ သူကလည်း အဲ့ဒီဒေသကပုဂ္ဂိုလ်ဆိုတော့ ဘယ်လိုဘယ်ပုံနည်းနဲ့ အိမ်အခြေပြု၊ ရပ်ရွာအခြေပြု လုပ်ငန်းတွေဆောင်ရွက်တယ်ဆိုတာ သူအသိဆုံးပဲဖြစ်မှာ ဖြစ်ပါတယ်။ ၁၀ သိန်းထိမပိုသောဒဏ်ငွေလို့ပြောတဲ့အခါမှာ ၁၀၀ လည်းဖြစ်ပါတယ်။ ၂၀၀ လည်း ဖြစ်ပါတယ်။ ၁၀၀၀၀ လည်းဖြစ်ပါတယ်။ ၂၀၀၀၀ လည်းဖြစ်ပါတယ်။ ဒါကတော့သူ့ရဲ့အမှုပေါ်မှာ မူတည်ပြီးတော့မှပဲ ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ကတော့ ဒီလိုပြစ်မှုပြစ်ဒဏ်ကိုတော့ မဖြစ်မနေအခြားဥပဒေတွေများနည်းတူ ထည့်သွင်းထားတာဖြစ်ပြီးတော့ အင်မတန်ပေါ့လျော့စွာ ဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခုနက ဦးအောင်မိုးညိုပြောတဲ့နေရာမှာ တစ်ချက်ပါပါသေးတယ်။ ကလေးသူငယ်များအတွက် စတုရန်းပေနှစ်ဆယ်သည် ခုနကနိုင်ငံတကာစံချိန်စံညွှန်း UNICEF က အဲ့ဒီလိုသတ်မှတ်ထားတယ်လို့ ဒီလိုပဲကြားလိုက်ရပါတယ်။ အဲ့ဒီအတိုင်းပဲ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတို့ဘက်ကပြောခဲ့တာက ၁၈ စတုရန်းပေဆိုတာဖြစ်ပါတယ်။ ဘယ်ဟာမှန်လည်း ကျွန်တော်တို့မသိပါဘူး။ မနက်ကလည်းဆုံးဖြတ်ပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ UNICEF သို့မဟုတ်လို့ရှိရင် ဒီလိုကိစ္စမျိုးနဲ့သက်ဆိုင်တဲ့ဌာနက သတ်မှတ်ချက်ကို လွှတ်တော်မှာတင်ပြပြီးတော့ အဲ့ဒီရဲ့သတ်မှတ်ချက်အတိုင်းပဲ လွှတ်တော်ကပြန်ပြီးဆုံးဖြတ်ရန်သင့်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ကျတဲ့အခါကျ ဘယ်ဟာအမှန်လည်းမသိဘူး။ ဒါကြောင့်မို့လို့ မနက်က ကျွန်တော်တို့ဆွေးနွေး အတည်ပြုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာကိုတင်ပြတဲ့ ပြည်ထောင်စုဝန်ကြီးဌာန၊ ပြီးတဲ့အခါမှာ ဒေါက်တာဦးအောင်မိုးညိုတို့ ယှဉ်ပြီးတင်လိုက်ပါ။ အထောက်အထားနဲ့ ဒီပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ကဆက်ပြီးတော့ အတည်ပြုပေးတာကောင်းပါမယ်။ ဒါကြောင့်မို့လို့မနက်က ကျွန်တော်တို့ဆုံးဖြတ်ခဲ့တဲ့ကိစ္စကို ယာယီအားဖြင့်ဆိုင်းငံ့ထားကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်အခုတင်ပြဆွေးနွေးတဲ့နေရာမှာလည်း ဥပဒေတစ်ရပ်ပြဋ္ဌာန်းတယ်ဆိုရင်၊ ဥပဒေကိုချိုးဖောက်တယ်ဆိုရင် ချိုးဖောက်တဲ့အခါမှာ ပြစ်မှုပြစ်ဒဏ်ဆိုတာလည်း ရှိရမယ်ဆိုတာလည်းဒါအမှန်တရားတစ်ခုပါပဲ။ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ သို့ရာတွင် ဒီလိုပြစ်မှုပြစ်ဒဏ်သည် အပြစ်ပေါ်မူတည်ပြီးတော့ လိုက်လျောညီထွေရှိဖို့လည်း လိုပါတယ်။ ဒါကြောင့်မို့လို့ အခုတင်ပြချက်

ပေါ်မူတည်ပြီးတော့ ဥပဒေရဲ့သဘောကိုမူတည်ပြီးတော့ ဒေါက်တာအောင်မိုးညိုအနေနဲ့ ဒေါ်စုစုလွင် ကိုယ်စား ပြန်လည်ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်မိုးညို(ပွင့်ဖြူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေ ကြမ်းကော်မတီရဲ့ တင်ပြချက်ဖြစ်တဲ့အထဲ မှာ ၃၃ နဲ့တင်ပြည့်စုံပါပြီ။ ဒီဥပဒေမှာ ၃၃ က ပြစ်ဒဏ် ပါပြီးသားဖြစ်ပါတယ်။ ၃၄ ကိုထပ်ထည့်ထားတာက ပြစ်ဒဏ်က ပြစ်မှုကြောင့်ပေါ်မူတည်ပြီး ဒဏ်ငွေ ချမှတ်တယ်။ ၁၀၀ လည်း ၁၀၀၀၀၀၀၊ ၁၀ သိန်းအောက်ပါပဲ။ ပြစ်ဒဏ်ဖြစ်သွားတယ်ဆိုတာကို ကျွန်တော် လက်မခံနိုင်ပါဘူးခင်ဗျား။ ပြစ်ဒဏ်မပေးသင့်ပါဘူးခင်ဗျား။ ၁၀၀ လည်း ပြစ်ဒဏ်ပါပဲ။ ၅၀ လည်းပြစ်ဒဏ်ပါပဲ။ ဘာကြောင့် မထည့်သင့်တာလဲဆိုတာ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ပြည်သူ့ရေးရာ ကော်မတီကပြုစုနေတဲ့ သင်းပင်းဖွဲ့စည်းခြင်းဆိုင်ရာဥပဒေဟာ သတင်းစာထဲမှာ ကြေညာချက်ထည့် တယ်။ CSO တွေ လူမှုအသင်းအဖွဲ့အစည်းတွေအားလုံးကိုဖိတ်တယ်။ အထက်ဗမာပြည်၊ အောက် ဗမာပြည် ကျွန်တော်တို့ ငါးကြိမ်၊ ခြောက်ကြိမ် ဆွေးနွေးပြီးမှ ကျွန်တော်တို့အားလုံးရဲ့ ကောင်းချီးပေး နေရတဲ့ သင်းပင်းဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေဖြစ်လာတော့မှ ပြည်သူ့ရေးရာက စေတနာပါပါ၊ တပ်မတော်သားကိုယ်စားလှယ်တွေကရော၊ လိုက်လျောမှုအပြည့်အဝနဲ့ ဒီဥပဒေဖြစ်လာတာနဲ့ ကနေ့ ဒီထဲမှာထည့်ထားတာနဲ့ ကျွန်တော် ဆန့်ကျင်ဘက်ကြီးလို့ မြင်နေပါတယ်။ ကျွန်တော်တို့ ရပ်ရွာ အခြေပြုလုပ်ငန်းတွေ ကျွန်တော်တို့ လုပ်ရမှာပေါ့။ ကျွန်တော်တို့ ပြည်သူတွေအတွက်လုပ်ချင် တယ် ပြောတယ်။ ဒါနဲ့ ကျွန်တော်တို့ မလုပ်ရမှာလဲ။ အိမ်အခြေပြု ကိုယ့်အိမ်နီးနားပတ်ဝန်းကျင်တွေမှာ အခက်အခဲတွေတွေ့နေတဲ့အခါ ကျွန်တော်တို့ ဘာ့ကြောင့်မကူညီရမှာလဲ။ ကျွန်တော်တို့မြန်မာတွေရဲ့ ချစ်စရာဓလေ့စရိုက်၊ ကူညီတတ်တဲ့ ဓလေ့စရိုက်လေးကို တားမြစ်ရာ ရောက်နေပါတယ်။ ပြုစုပျိုး ထောင်ပေးရမှာ ဘာလို့တားမြစ်မလဲ။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဒီပုဒ်မ ၃၄ တစ်ပိုဒ်လုံး ပယ်ဖျက်ပေးဖို့ လေးစားစွာ တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး စကားပါလာပါတယ်။ လောလောဆယ်တော့ ဥက္ကဋ္ဌတော့မရှိပါဘူး။ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး အတွင်းရေးမှူးအနေနဲ့ အခုနက ဒေါက်တာ အောင်မိုးညို ရှင်းလင်းတင်ပြသွားတဲ့အပေါ်မှာ မိမိတို့ကော်မတီက ဦးစီးပြုစုထားတဲ့ အသင်းအဖွဲ့ ဆိုင်ရာဥပဒေနဲ့ ဘယ်လိုများဆက်စပ်ပါသလဲ။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)။** ။ ကျွန်တော်တို့ ကော်မတီကရေးဆွဲထားတဲ့ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေဖြစ်ပါတယ်။ ကျွန်တော်တို့က

ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၅၄ (ဂ)မှာ အသင်းအဖွဲ့များကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုတယ်လို့ပါတဲ့အတွက်ကြောင့် ကျွန်တော်တို့ရေးဆွဲတဲ့ဥပဒေပါ ဖွဲ့စည်းခြင်းနှင့်ပတ်သက်လို့ ထည့်သွင်းဖော်ပြခြင်း မရှိပါဘူး။ ကျွန်တော်တို့က မှတ်ပုံတင်ခြင်းကိုပဲ ဇောင်းပေးပြီးတော့ ဥပဒေပြုခြင်းဖြစ်ပါတယ်။ ဒီလို ပြုရခြင်း အကြောင်းအရင်းကလည်း မူလ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အားပြုပြီးတော့ ရေးတဲ့အတွက်ကြောင့် ဒီလိုရေးဆွဲခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဥပဒေမှာ ပြစ်ဒဏ်နဲ့ပတ်သက်လို့ ယခင်တုန်းက ပြစ်မှု၊ ပြစ်ဒဏ်တွေ ဖော်ပြထားတာရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဥပဒေရေးဆွဲဖို့ ဆွေးနွေးတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့အတွေးက ကျွန်တော်တို့နိုင်ငံမှာ တည်ဆဲဥပဒေများရှိပြီးဖြစ်ပါတယ်။ တကယ်လို့ ကျွန်တော်တို့ ယနေ့ ဥပဒေပြုလို့ဖြစ်ပေါ်လာတဲ့ အသင်းအဖွဲ့များသည် တစ်ခုခုကို ချိုးဖောက်ခဲ့ရင် နိုင်ငံတော်မှာရှိနေတဲ့ တည်ဆဲဥပဒေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက အရေးယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့က ပြစ်မှု၊ ပြစ်ဒဏ်ခေါင်းစဉ်ဖော်ပြခဲ့ခြင်းမရှိခဲ့ကြောင်း တင်ပြလိုပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာလည်း မပြည့်မစုံသုံးသပ်ပြီးတော့ ဒီမိုကရေစီအနိုင်ကျင့်မှုမဖြစ်ပေါ်စေလို။ ဒီမိုကရေစီမဖြစ်မှာပဲ ကျွန်တော်က စိုးရိမ်ပါတယ်။ ဒါကြောင့်မို့လို့ အချိန်ကုန်ခံပြီးတော့ မျှမျှတတဖြစ်အောင် ကျွန်တော် မေးနေခြင်းဖြစ်ပါတယ်။ အဲ့ဒီအတိုင်းပဲ အခုနက ဦးအောင်မိုးညိုက ပြောပါတယ်။ ပြစ်မှုသည် ပုဒ်မ ၃၃ မှာ ပါရှိပြီးဖြစ်တယ်။ ဒါကြောင့်မို့လို့ ၃၄ မလိုအပ်ဘူး။ ပြီးတဲ့အခါမှာ သူ့ရဲ့ဆန္ဒစွဲနဲ့ပြောတာ အပြစ်ပေးတာကို မကြိုက်ဘူးဆိုတာဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီက ပုဒ်မ ၃၃၊ ပုဒ်မ ၃၄ နဲ့ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ စာမျက်နှာ ၁၈ မှာ အမှတ်စဉ် ၄၈ ပုဒ်မ ၃၃ ကိုဖော်ပြထားပါတယ်။ ပုဒ်မ ၃၃ မှာကတော့ ကျွန်တော်တို့က ထောင်ဒဏ်ရော၊ ငွေဒဏ်ရော ဒဏ်နှစ်ရပ်လုံးပေးထားပါတယ်။ အကြောင်းအရာကတော့ မူကြိုကျောင်းခွင့်ပြုမိန့်မရှိဘဲနဲ့ တည်ထောင်ဖွင့်လှစ်ရင် နောက်တည်ထောင်ခွင့်ပြုမိန့်ကို ရုပ်သိမ်းထားတဲ့အချိန်မှာ ဒါကျွန်တော်တို့ဖွင့်လှစ်ရင်ဆိုတဲ့အနေအထားနဲ့ ကျွန်တော်တို့ ဒီမှာ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေလို့ ချမှတ်ထားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လည်း ၃၄ ဟာထည့်ရခြင်းဖြစ်ပါတယ်။ နေ့ကလေးထိန်းကျောင်းဖွင့်တာတောင်မှ ဒီလိုအပြစ်ပေးရင်၊ မူကြိုကျောင်းဖွင့်တာတောင်မှ ဒီလိုအပြစ်ပေးရင် ရပ်/ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းနဲ့ပတ်သက်လို့လည်း ဒါဟာ

ကန့်သတ်ချက်ရှိဖို့လိုတယ်လို့ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ မူကြိုကျောင်း၊ နေ့ကလေးထိန်းကျောင်းဖွင့်ခွင့်မရှိရင် ရပ်/ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းရဲ့ သဘောသဘာဝလည်း နီးစပ်ပါတယ်။ ဒီဘက်မှာ ခေါင်းစဉ်ပြောင်းပြီးတော့ ဆောင်ရွက်သွားမယ်ဆိုရင်လည်း ရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့အနေနဲ့ကတော့ ကျပ် ၁၀ သိန်းထက်မပိုသောငွေဒဏ်ဟာ ၁၀၀၀၀ ချလည်း ရပါတယ်။ ၁၀၀ ချလည်းရပါတယ်။ ကန့်သတ်ချက်တစ်ခုအနေနဲ့ဖြစ်ပါတယ်။ ပြစ်ဒဏ်ဆိုတာကတော့ ကျွန်တော်တို့ ဒီမိုကရေစီ နုနယ်သေးတဲ့အချိန်မှာ ထည့်သွင်းသင့်ပါတယ်လို့ ဒါကိုလည်း ကျွန်တော်တို့ အနေနဲ့ အခိုင်အမာရပ်တည်ပြီးတော့ တင်ပြလိုပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်(ဥက္ကဋ္ဌ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ)** ။ ။ ပြစ်မှု၊ ပြစ်ဒဏ်ကိစ္စနဲ့ပတ်သက်လို့ ပြောချင်ပါတယ်။ အခုနက ဥပဒေကြမ်းကော်မတီက ပြောသွားတာ ဒီမိုကရေစီနုနယ်သေးတဲ့အချိန်မှာ ပြစ်ဒဏ်ဆိုတာလိုတယ်။ ပြစ်မှု၊ ပြစ်ဒဏ်ဆိုတာ လိုတယ်ဆိုတာ ကျွန်မတို့က ပြောင်းပြန်မြင်ပါတယ်။ ကျွန်မတို့ ဒီမိုကရေစီနုနယ်နေတဲ့အချိန်မှာဆိုလို့ ရှိရင် တရားဥပဒေစိုးမိုးရေးပေါ်ပေါက်ဖို့အတွက် ဥပဒေဆိုတာ ပြည်သူလူထုကို ကာကွယ်ဖို့ဖြစ်တယ်။ ပြည်သူလူထုကို ဒဏ်ပေးဖို့မဟုတ်ဘူးဆိုတာကို ထင်ထင်ရှားရှား အများသိအောင်လုပ်ပေးဖို့လိုပါတယ်။ အဲ့ဒီတော့ အခုဒီမှာဆိုလို့ရှိရင် ရပ်ရွာအခြေပြု၊ အိမ်အခြေပြုဆိုတာဟာ စောစောက ဒေါက်တာဇော်မြင့်မောင်ရှင်းသွားတဲ့အတိုင်းပဲ ကလေးလေးတွေကို အိမ်မှာခေါ်ပြီးတော့ထိန်းတာဟာ နေ့ကလေးထိန်းဌာနဖွင့်တာနဲ့မတူပါဘူး။ နေ့ကလေးထိန်းဌာနဖွင့်တာလောက်ပဲ ဒဏ်ကြေးတော့ပေးမယ်ဆိုတာလည်း မသင့်တော်တဲ့အပြင် အဲ့ဒီ ပြစ်မှု၊ ပြစ်ဒဏ်ဆိုတာကို ကျွန်မလည်း ကန့်ကွက်ပါတယ်။ ကျွန်မတို့ ပြည်သူလူထုကို ပြစ်မှု၊ ပြစ်ဒဏ်နဲ့ထိန်းသိမ်းမှာလား။ တရားဥပဒေစိုးမိုးရေးနဲ့ ဥပဒေရဲ့ ပြည်သူအပေါ်မှာ စေတနာထားမှုနဲ့ ထိန်းသိမ်းမှာလားဆိုတာ အဲ့ဒါကို ကျွန်မတို့ စဉ်းစားဖို့လိုပါတယ်။ ပြစ်မှု၊ ပြစ်ဒဏ်နဲ့ပဲ ကျွန်မတို့နိုင်ငံကို ထိန်းသိမ်းသွားမယ်ဆိုလို့ရှိရင် တကယ့်ဒီမိုကရေစီစိတ်ဓာတ်တွေ ဖွင့်ပြောနိုင်မှာမဟုတ်ပါဘူးလို့ ကျွန်မ လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဟာကဥပဒေရေးရာနဲ့ဆက်စပ်နေလို့ ကျွန်တော် ဥပဒေသမားတစ်ယောက်အနေနဲ့ ဥက္ကဋ္ဌကြီးထံကိုရိုသေလေးစားစွာတင်ပြအပ်ပါတယ်။ ဒီမှာက ကျွန်တော်တို့ခုနက ၃၃ မှာ (က) နှင့် (ခ) ကရှင်းပါတယ်။ ဒါကမည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုခြောက်လထိမပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (က)တည်ထောင်ခွင့်ပြုမိန့်မရှိပဲ

နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း၊ (ခ) တည်ထောင်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရုတ်သိမ်းထားသည့်ကာလအတွင်းတွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင်သော်လည်းကောင်း၊ နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း ဒါက အင်မတန်လုံလောက်နေပါပြီခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ အခုနေ့ကလေးထိန်းကျောင်းလည်းမဖွင့်ဘူး။ တည်လည်းမတည်ထောင်ဘူး။ အခုပင်လျှင်ကိုယ့်ရပ်ရွာထဲမှာ၊ ကိုယ့်အိမ်ခြေပတ်ဝန်းကျင်မှာ လေးအိမ်စု၊ ငါးအိမ်စု၊ ဆယ်အိမ်စု ဒီဟာတွေ မတည်ထောင်ပဲနဲ့တောင် လုပ်ခွင့်ကအလိုလိုရပြီးသားပါခင်ဗျား။ အဲ့ဒီတော့ ဒီဟာတွေတည်ထောင်လိုက်တဲ့အခါမှာ ဒီဟာတွေတည်ထောင်ပြီးတော့ ပိတ်ပင်ခံရမယ်ဆိုရင် ဒီပြစ်မှုပြစ်ဒဏ်လုံလောက်ပါပြီ။ အဲ့ဒီပိတ်ပင်ခံရတော့မှ တစ်ခါရိုးရိုးမူလကနိုင်ငံသား အခွန်ကြီးဟာ ကိုယ့်ဟာကိုရထားတဲ့ အခုကတည်းကရထားတဲ့ လွတ်လပ်စွာကိုယ့်ဟာကို မိသားစုတစ်နိုင်တစ်ပိုင် ရပ်ရွာအခြေပြုလုပ်ငန်းတွေကိုလုပ်တာ၊ အိမ်အခြေပြုလုပ်ငန်းလေးတွေလုပ်တာ ဒါလေးတောင် မလုပ်ရဘူးဆိုလို့ရှိရင်တော့ ဘာဖြစ်လို့လဲဆိုတော့ တစ်ဖက်ကပြစ်ဒဏ်ပေးပြီးသားကို တစ်ဖက်မှာပါသွားပြီးတော့ ထိခိုက်သလိုဖြစ်ပါတယ်ခင်ဗျ။ ဥပမာနမူနာပေးရလို့ရှိရင် ညောင်ဦးကမ်းပါးပြိုတာနဲ့ စမွှာနဂိုက နွားမပေါင်ကျိုးသလိုဖြစ်နေတယ်။ တစ်ခြားစီဖြစ်နေပါတယ်ခင်ဗျ။ ဒါလေးကတော်တော်နူးညံ့သိမ်မွေ့တဲ့အပိုင်းလေး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကတော့ ၃၄ (က)၊(ခ) ကတော့ လုံးဝမလိုအပ်တာအမှန်ပါလို့ ကျွန်တော်ဥပဒေသမားတစ်ယောက်အနေနဲ့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာဝိဒါရလေးကွဲနေတာက ကျွန်တော်တို့ ရပ်ရွာအခြေပြုနဲ့အိမ်အခြေပြု လုပ်ငန်းများဆိုသည်မှာဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြန်ကြည့်ရင်တော့ သူက ပြည်တွင်းပြည်ပမှာ အကူအညီရယူပြီးတော့မှဆောင်ရွက်တဲ့လုပ်ငန်းကိုအဓိပ္ပါယ် ဖွင့်ဆိုထားတာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့နိုင်ငံကို ပြန်ကြည့်မယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံဟာ အခြားနိုင်ငံကြီးတွေနဲ့ Bounder ချင်းဆက်စပ်ပြီးတော့မှ အခြားနိုင်ငံက ဒီကလေးသူငယ်နှင့်ပတ်သက်တဲ့ ဥပဒေတွေ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းတွေအရ ကျွန်တော်တို့ ရပ်ရွာအခြေပြု ဒီအိမ်အခြေပြုတွေ လာဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ လက်ခံနိုင်ဖွယ်မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ အမျိုးသားရေးကာကွယ်တဲ့အနေနဲ့ ဒီလိုပဲ ကျွန်တော်တို့က အခြားပြည်တွင်းကသော်လည်းကောင်း၊ ပြည်ပကသော်လည်းကောင်း၊ အထောက်အပံ့တွေရယူပြီးတော့မှ ဆောင်ရွက်တဲ့လုပ်ငန်းကိုပဲ ရည်ညွှန်းတာဖြစ်ပါတယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့

ရပ်ရွာမှာစေတနာ့ဝန်ထမ်း ဆောင်ရွက်နေတဲ့ ဒီအိမ်အခြေပြု၊ ရပ်ရွာအခြေပြုများကိုတော့ ကျွန်တော်တို့ဟာ အရေးယူဆောင်ရွက်မှာမဟုတ်ပါဘူး။ သို့သော်သူက အကူအညီအထောက်အပံ့ တစ်နေရာရာကနေ ရယူလိုက်ပြီဆိုရင်ကတော့ သူကမှတ်ပုံကိုတင်ရပါမယ်။ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲ့ဒီတော့ အဲ့ဒီလိုမဆောင်ရွက်ဘဲနဲ့လုပ်တဲ့အခါမှာ ပြစ်မှုပြစ်ဒဏ်ဆိုတာ လိုအပ်လာပါတယ်။ တကယ်တော့ အထောက်အပံ့အကူအညီနဲ့ပဲသွားဆိုင်တဲ့အနေအထားရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဒီပုဒ်မ ၃၄ (က)၊(ခ) ကဒီဟာကို ကျွန်တော်တို့ ဝိဝါဒကွဲပြီးတော့ ကိုယ်ဟာ့ကိုယ်စေတနာ့ဝန်ထမ်းလေးဖွင့်တာကိုအရေးယူရမလားဆိုတဲ့ ဒါကိုကျွန်တော်တို့က ရည်ရွယ်တာမဟုတ်ဘဲနဲ့ ကျွန်တော်တို့အမျိုးသားရေးတာဝန်အရ အခြားအထောက်အပံ့အနေနဲ့သူတို့ Syllabus လေးတွေနဲ့ သူတို့ဆောင်ရွက်လာမှာကို ကာကွယ်တဲ့အနေနဲ့ ထည့်ထားခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီလိုဆိုလို့ရှိရင်လည်း ဒီဥပဒေရဲ့ Definition အဓိပ္ပာယ်ဖွင့်ဆိုချက်မှာကိုက အဲ့ဒီလို ပေါ်လွင်အောင်ရေးဖို့လိုပါတယ်ခင်ဗျား။ အခုက ဒီမှာရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းဆိုတဲ့စကားက အခုတောင် ကျွန်တော်တို့ ဘာမှလုပ်လို့မရတဲ့အနေအထား ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ခုနက အသင်းအဖွဲ့ဥပဒေနဲ့ဆိုလို့ရှိရင်လုံးဝဆန့်ကျင်နေပါတယ်ခင်ဗျား။ ဆန့်ကျင်နေပါတယ်။ ဒါကြောင့်မို့လို့ ဒါရှေ့နောက်တစ်မျိုးဖြစ်မှာစိုးလို့ကျွန်တော်တို့လည်း ဒါဟာ ကျွန်တော်တို့လွှတ်တော်ရဲ့ Image ကိုပုံရိပ်ကိုထိခိုက်မှာစိုးလို့တင်ပြနေခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ခုနက တကယ့်ရည်ရွယ်ချက်စေတနာပေါ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဦးမောင်မောင်ဆွေ တင်ပြသလို ဒီလိုရည်ရွယ်တယ်ဆိုလို့ရှိရင်း အဲ့လိုရည်ရွယ်တဲ့အကြောင်းကို ဥပဒေရဲ့အစပိုင်း Theme သို့မဟုတ်လို့ရှိရင် ရည်ရွယ်ချက်မှာပေါ်လွင်အောင်ရေးဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ဒီရှေးဦးကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်းအပေါ် ပြန်လည်ဆွေးနွေးတဲ့အစီအစဉ် ဒီမှာရပ်နားပါမယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ခုနက ရည်ရွယ်ချက်ကစပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကစပြီးတော့ သေချာသဘောပေါက်နားလည်အောင် အားလုံးလက်ခံနိုင်အောင်ဆောင်ရွက်ဖို့လိုပါတယ်။

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရည်ရွယ်ချက်နဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေမှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ ပြဋ္ဌာန်းပြီးလည်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲဒီလိုဆိုရင်ထပ်ပြီးပြင်မယ်။ ရည်ရွယ်ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်ပါပြီ ဆိုလို့ရှိရင် ရည်ရွယ်ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက် ရှင်းလင်းဖတ်ကြားဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ ၂ အမှတ်စဉ် (၅) မှာ ပါပါတယ်ခင်ဗျား။ အခန်း ၂ ရည်ရွယ်ချက်များ။

**ဥက္ကဋ္ဌ**။ ။ ဖြေးဖြေးခဏလေး။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ ၂ အမှတ်စဉ်(၅) အခန်း ၂ ရည်ရွယ်များ ၃ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။ (က) ရှေးဦးကလေးသူငယ်များကို မှန်ကန်သော အသိစိတ်ဓါတ် အခြေခံအသိ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် လူမှုဆက်ဆံရေးစသည်များ ဘက်စုံဖွံ့ဖြိုးစေရန်အတွက် ကလေးသူငယ်ဖွံ့ဖြိုးရေးစံနှုန်းများနှင့်အညီ ပြုစုပျိုးထောင်ရန် (ခ) နိုင်ငံတစ်ဝန်းလုံး နေ့ကလေးထိန်းဌာနများ၊ မူကြိုကျောင်းများရပ်ရွာအခြေပြု လုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်နိုင်ရန်နှင့် ကလေးသူငယ်များအား စနစ်တကျ ပြုစုပျိုးထောင်ရေးဖွံ့ဖြိုးရေးအတွက် နည်းပညာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများပေးရန် (ဂ) ပုဂ္ဂလိကနှင့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများအားနေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများကို စနစ်တကျတည်ထောင်ဖွင့်လှစ်ခွင့်ပြုခြင်းအားဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ပြုနိုင်ရန် (ဃ) ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ထားတဲ့အချက်ဖြစ်ပါတယ်။ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များအား အခြေခံကျန်းမာရေးစောင့်ရှောက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေး ဖြည့်ဆည်းပေးနိုင်ရန်ဆိုပြီးတော့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီရည်ရွယ်ချက်အတိုင်းဆိုလို့ရှိရင် ကျွန်တော်တို့ ခုနက ပုဒ်မ ၃၄ ကလုံးဝမလိုတာပါခင်ဗျား။ ပုဒ်မ ၃၃ နဲ့တင်ပြည့်စုံနေပါပြီ။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်ဆွေ ခုနကတုန်းက ပါတယ်လို့ပြောတယ်။ ဘယ်အပိုဒ်မှာလဲ။

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ကျွန်တော်တို့ စနစ်တကျ ပြုစုပျိုးထောင်ရေးအပိုင်းကို ထည့်သွင်းထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာတော့ ကျွန်တော်တို့ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းဆိုသည်မှာဆိုတာ ပြည်တွင်းပြည်ပကနေ အထောက်အပံ့တွေရယူပြီးတော့မှ ဆောင်ရွက်တဲ့ဟာကိုပဲညွှန်းပါတယ်။ မိမိတို့စေတနာ

အလျောက်လုပ်တဲ့ ဒီကလေးသူငယ် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကတော့ ကျွန်တော်တို့ ဒါအရေးယူဆောင်ရွက်သွားမှာလည်းမဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီအခြားကနေပြီးတော့မှ အထောက်အပံ့ယူပြီးတော့ မှတ်ပုံတင်ခြင်းမရှိဘူးဆိုရင် စောစောကပြောတဲ့ဥပဒေတွေနဲ့ ဒါအရေးယူမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီလို စေတနာ့ဝန်ထမ်းရပ်ရွာတွေမှာ ကိုယ့်အားကိုယ်ကိုးနဲ့ ဆောင်ရွက်တဲ့ ဒီရပ်ရွာအခြေပြုနဲ့ အိမ်အခြေပြုလုပ်ငန်းတွေက ဒီအထဲမှာသွားပြီးတော့ အကျုံးဝင်တဲ့သဘောမျိုးရှိပါတယ်။ ဒီအခြားနိုင်ငံမှ ထောက်ပံ့တဲ့ကိစ္စရပ်တွေဆိုလိုတာကတော့ တခြား Influence တွေ ကျွန်တော်တို့ရဲ့ ရှေးဦးအရွယ်ကလေးသူငယ်တွေအပေါ်မှာ မသက်ရောက်စေချင်တဲ့အတွက် ဒီလိုထည့်ထားခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကျွန်တော့်ဆီမှာရှိတဲ့။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကိုနည်းနည်းပါဝင်ဆွေးနွေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီဥပဒေကြမ်းရဲ့ရည်ရွယ်ချက်ထဲမှာ နိုင်ငံတစ်ဝန်းလုံးနေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ ရပ်ရွာအခြေပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ဖွင့်လှစ်နိုင်ရန်နှင့် ကလေးသူငယ်များအား စနစ်တကျပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးအတွက် နည်းပညာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ အကူအညီပေးရန်ဆိုတဲ့ ရည်ရွယ်ချက်ဟာကောင်းပါတယ်ခင်ဗျား။ အဲ့ဒီတော့ ဒီမှာဆိုလိုတဲ့ရည်ရွယ်ချက်က ကျွန်တော်တို့ နိုင်ငံတကာအထောက်အပံ့တွေကိစ္စ၊ မိမိဘာသာ ကျွန်တော်တို့ ဒီစရိတ်တွေ စိုက်ထုတ်တဲ့လုပ်ငန်းဆိုတာမျိုးကို ခွဲခြားမထားပါဘူး။ ခွဲခြားမထားတဲ့အတွက်ကြောင့်မို့လို့ ဒီဟာကိုအားပေးတယ်လို့ သဘောရပါတယ်။ အဲ့လိုသဘောရတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က လုပ်ငန်းအားလုံးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ မှတ်ပုံမတင်ရင်သာ၊ မှတ်ပုံမတင်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ပြစ်ဒဏ်သတ်မှတ်လိုက်လို့ရှိရင် လုံလောက်ပါပြီ။ ခုနက ဦးဝင်းမြင့်ပြောသလိုပဲ ကျွန်တော်တို့ပထမ ဒီမှတ်ပုံမတင်ဘူး ဆိုလို့ရှိရင် ဒီထောင်ဒဏ် ၆ လ မပိုတဲ့ ပြစ်ဒဏ်နဲ့ငွေဒဏ်ဆိုတာ အဲ့ဒီမှာ တကယ့်တကယ်ပြောမယ်ဆိုရင်တော့ မပြည့်စုံပါဘူး။ ငွေဒဏ်ကလည်း ဘယ်လောက်အထိဆိုတာ အမှန်ကတော့ သတ်မှတ်ချက်ထည့်သွင်းပေးသင့်ပါတယ်။ အဲ့ဒီတော့ ပြောမယ်ဆိုလို့ရှိရင်တော့ ဒီကောင်က ကျွန်တော်တို့ ဥက္ကဋ္ဌကြီးပြောသလိုပဲ ပြန်ပြီးတော့ ဆွေးနွေးသင့်တဲ့ဥပဒေလို့ကျွန်တော်ယူဆပါတယ်။ ဒီမှာအခု ဆုံးဖြတ်လိုက်လို့ရှိရင် အဲ့ဒီမှတ်ပုံမတင်တဲ့အတွက် ဆိုတဲ့ဟာမှာလည်း ထောင်ဒဏ် ၆ လဆိုတာတော့ သတ်မှတ်ထားတယ်။ ငွေဒဏ်ကျတော့ ဘယ်လောက်ဆိုတာ ကျွန်တော်တို့ဖြည့်ဖို့လိုပါတယ်။ အဲ့ဒီတော့ နောက်ထပ် ထပ်ပြီတော့ ဖြည့်ထားတဲ့

ကိစ္စမှာကလည်း ရှုပ်ရှုပ်ထွေးထွေး ပြန်ဖြစ်သွားပါတယ်။ အဲ့ဒီတော့ မူလရည်ရွယ်ချက်ထဲမှာက ကျွန်တော်တို့က ရပ်ရွာအခြေပြု၊ အိမ်အခြေပြုဆိုပြီးတော့ လုံးပြောထားတယ်။ တစ်ခါဒီနောက်ထဲမှာတော့ အဲ့ဒီလိုခွဲချင်တယ်လို့ပြန်ပြီးတော့ အဓိပ္ပာယ်ဖွင့်ထားတယ်ဆိုတော့ ဒီဥပဒေကိုယ်၌က စီရင်ဆုံးဖြတ်တဲ့တရားသူကြီးတွေမှာလည်း ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥစ္စာကို ပြန်ပြီးတော့ပဲ ကျွန်တော်တို့ ဆွေးနွေးဖို့စဉ်းစားလို့ရှိရင် ပိုပြီးတော ကောင်းလိမ့်မယ်လို့ကျွန်တော်ယူဆပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲအခု

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဟာကတော့ အခုကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာကို ရပ်ရွာအခြေပြုလုပ်ငန်းဆိုတာဘာလဲဆိုတဲ့ဟာကို ဖော်ပြထားပါတယ်။ အဲ့ဒီမှာကတော့ ခုနက ကျွန်တော်တို့လူမှုဖွံ့ဖြိုးရေးဥက္ကဋ္ဌတင်ပြသွားတဲ့သလိုပဲ သူ့ Definition သွားဖို့လိုပါတယ်။ ဘာလို့လဲဆိုရင် အဲ့ဒီလုပ်ငန်း၊ ရပ်ရွာအကျိုးပြုလုပ်ငန်း၊ အိမ်အခြေပြုလုပ်ငန်းဆိုတဲ့နေရာမှာ ရိုးရိုးကွာတာတွေကို မဆိုလိုဘူးခင်ဗျား။ သူက နိုင်ငံတကာကနေဒီမှာ NGO တစ်ခုခုကနေ အထောက်အပံ့ရတဲ့ လုပ်ငန်းတွေကိုပဲ ဆိုလိုချင်းဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒါကိုတော့မှတ်ပုံတင်ရမှာဖြစ်ပါတယ်ခင်ဗျား။ အဲ့ဒါကိုတင်ပြတာပါပဲ။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒါကြောင့် ခုနက မူလရပ်ဆိုင်းပြီးတော့ ထပ်မံဆွေးနွေးပြီးတင်ပြပါဆိုတဲ့ကိစ္စပြောခဲ့ပါတယ်။ ဒါပေမယ့်လို့သက်ဆိုင်တဲ့ကော်မတီက ဒါပါတယ်လို့ပြောတယ်။ သို့ရာတွင်လောလောဆယ်ရှုပ်ထွေးနေတဲ့ကိစ္စတစ်ခုဖြစ်တဲ့အတွက် ဒီကလည်း ချက်ချင်းအရေးတကြီးအခုပြဋ္ဌာန်းအခုလုပ်ရမယ့် ကိစ္စမဟုတ်သေးဘူးလို့ယူဆတယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးမှု ဒီမှာရပ်ဆိုင်းပြီးတော့သီးခြားပြန်လည်ဆွေးနွေးပြီးတော့ ပြန်ဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ ဟုတ်ကဲ့ပါ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခါဆွေးနွေးနိုင်အောင်လို့ရှင်းရှင်းလင်းလင်းလေးသိသွားအောင် ပုဒ်မ ၃၃ နဲ့ ၃၄ ဟာမတူကြောင်းလေးလည်းပြောချင်ပါတယ်။ ပုဒ်မ ၃၃ ကတော့ ဒီကျွန်တော်တို့မူကြိုကျောင်းတွေနဲ့နေ့ကလေးထိန်းဌာနအကြီးတွေကိုရည်ညွှန်းပြီးတော့ ၃၄ ကကျတော့ ကျွန်တော်တို့ ရပ်ရွာအခြေပြုနဲ့အိမ်အခြေပြုကို ဆောင်ရွက်တဲ့ပုဒ်မတွေဖြစ်ပါတယ်။ ဆိုတော့ ဒီနှစ်ခုကိုရောထွေးပြီးတော့မှ စဉ်းစား

လို့လည်းမရပါဘူး။ သီးခြားစီသူ့ကဏ္ဍအလိုက်ရှိနေတာကို ကျွန်တော်တို့ ပြန်ပြီးတော့မှ ထပ်မံညှိနှိုင်း ဆွေးနွေးပါမယ်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာ တင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အစီရင်ခံစာ-

၁။ လွှတ်တော်ကိုယ်စားလှယ် တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၂၇-၈-၂၀၁၂ ရက်စွဲပါ စာအမှတ်၊၃၈/စမ -စည်း(၂)/ကမရ ဖြင့် ဥပဒေကြမ်းကိုပေးပို့ခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ၆-၁၁-၂၀၁၂ ရက်နေ့တွင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့တွင် တင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ ယင်းစိစစ်ချက်အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ် ၇ ဦးမှ ပြင်ဆင်ချက်အဆိုတင်သွင်းခဲ့သဖြင့် ပြင်ဆင်ရန်တင်ပြချက်ဇယားအားဆွေးနွေးနိုင်ရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများအတိုင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ဖြစ်သည့် ၂၃-၈-၂၀၁၃ ရက်နေ့တွင်

ဤဥပဒေကြမ်းအားခေတ္တဆိုင်းငံ့ထားရန် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခဲ့ရာ လွှတ်တော်ကသဘောတူဆုံးဖြတ်ခဲ့ပြီးလည်း ဖြစ်ပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂-၁၀-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ဤဥပဒေကြမ်းအား ဆက်လက်ဆွေးနွေးနိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်ရန် လွှတ်တော်၏အဆုံးအဖြတ်ကို ထပ်မံရယူခဲ့ရာ လွှတ်တော်မှ ဤဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးဆောင်ရွက်ရန် အတည်ပြုခဲ့ပြီးလည်း ဖြစ်ပါသည်။

၄။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၃-၁၀-၂၀၁၃ရက်နေ့၊ ၉-၁၀-၂၀၁၃ ရက်နေ့၊ ၁၆-၁၀-၂၀၁၃ ရက်နေ့နှင့် ၂၁-၁၀-၂၀၁၃ရက်နေ့များတွင် ပြင်ဆင်ချက်အဆိုတင်သွင်းထားသော ကိုယ်စားလှယ်များ၊ လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်လည်းကောင်း၊ ၃၀-၁၀-၂၀၁၃ရက်နေ့တွင် လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြင်ဆင်ချက် အဆိုတင်သွင်းထားသောလွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ၎င်းအပြင် ၄-၁၁-၂၀၁၃ ရက်နေ့၊ ၇-၁၁-၂၀၁၃ ရက်နေ့နှင့် ၉-၁၁-၂၀၁၃ ရက်နေ့များတွင်ထပ်မံ၍ ကော်မတီအတွင်း ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ဆွေးနွေးမှုများမှ ရရှိလာသောအချက်အလက်များနှင့် ပြင်ဆင်ချက်များ အားပူးတွဲပါဇယားများဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ထပ်မံဖြန့်ဝေပြီး ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်၏ပြင်ဆင်ရန် တင်ပြချက်များအပေါ် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်သို့ ထပ်မံအစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က တင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အပေါ် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကိုလွှတ်တော်သို့တင်ပြခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ၄-၇-၂၀၁၃ ရက်ကအတည်ပြုခဲ့တဲ့ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၂၆-၈-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာပါတယ်။ ယင်းသို့ ပြန်လည်ပေးပို့ခြင်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ အရ ၉-၁၀-၂၀၁၃ ရက်မှာ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းရန် သတ်မှတ်ထားတဲ့ ၁၄-၁၀-၂၀၁၃ ရက်နေ့ထိ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ကိုယ်စားလှယ်တစ်ဦးချင်းအနေဖြင့် ပြင်ဆင်ချက် အဆိုတင်သွင်းခြင်းမပြုသော်လည်း ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က ညှိနှိုင်းစိစစ်ခဲ့ရာ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၄၉ ချက်အနက်မှ ၁၇ ချက်နှင့်စပ်လျဉ်းပြီး သဘောထားကွဲလွဲကြောင်း တင်ပြလာပါတယ်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၃၃ ချက်နှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီဝင် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များနှင့် အတူ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနဲ့ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီတို့ရဲ့ ပြင်ဆင်ချက်များကို တစ်ပေါင်းတည်းတင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာရာ အောက်ဖော်ပြပါပြင်ဆင်ချက် ၃၃ ချက်အား အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း ပြည်သူ့လွှတ်တော်မှ သဘောတူသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ စာမျက်နှာ ၁၊ အမှတ်စဉ် ၁ နိဒါန်း စာမျက်နှာ (၁) မှ (၃)၊ အမှတ်စဉ် ၂၊ အမှတ်စဉ် ၄၊ ၆၊ ၇၊ ၈ ပုဒ်မများဖြစ်တဲ့ ပုဒ်မ ၂ ပုဒ်မခွဲ(က)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ဋ)၊ (ဍ)၊ (ဎ)နဲ့ (ဏ)။ စာမျက်နှာ (၃)၊ အမှတ်စဉ် ၉ ဖြစ်သော အသစ်ဖြည့်စွက်ချက် အခန်း (၂) ပုဒ်မ ၃၊ ၄၊ ၅။ စာမျက်နှာ (၃) မှ စာမျက်နှာ (၅) ထိရှိသော အမှတ်စဉ် (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃) နဲ့ (၁၄) ဖြစ်ပြီး အခန်း (၃) အမှတ်စဉ်ပြောင်းလဲခြင်း ပုဒ်မ ၆ ပုဒ်မခွဲ(က) ပုဒ်မ ၇၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၉။ စာမျက်နှာ (၅)၊ အမှတ်စဉ် ၁၆ ပုဒ်မ ၁၀။ စာမျက်နှာ (၇) မှ စာမျက်နှာ (၈) ရှိသော အမှတ်စဉ် (၂၄)၊ (၂၆)၊ (၂၇) ဖြစ်သည့် မူလပုဒ်မ ၁၁ အားပယ်ဖျက်ခြင်း။ ပုဒ်မ ၁၃ ပုဒ်မခွဲ(က)နဲ့ (ခ)။ စာမျက်နှာ (၉) အမှတ်စဉ် (၃၁)၊ (၃၂)၊ (၃၄)၊ (၃၅)၊ (၃၆) ဖြစ်သော မူလပုဒ်မ ၁၈ နဲ့ ၁၉ အား ပယ်ဖျက်ခြင်း။ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈။ စာမျက်နှာ (၁၀)၊ အမှတ်စဉ် (၃၇) နှင့် (၃၈) ဖြစ်သော ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀။ စာမျက်နှာ (၁၀) မှ စာမျက်နှာ (၁၂) ထိရှိသော အမှတ်စဉ် (၄၀)၊ (၄၁)၊ (၄၂)၊ (၄၃)၊ (၄၄)၊ (၄၅)၊ (၄၆)၊ (၄၇)၊ (၄၈) နှင့် (၄၉) ဖြစ်သော မူလပုဒ်မ ၂၅ အား ပယ်ဖျက်ခြင်း။ ပုဒ်မ ၂၁ မူလပုဒ်မ ၂၆(က) အား ပယ်ဖျက်ခြင်း။ မူလပုဒ်မ ၂၆(က) ပုဒ်မ ၂၁ ပုဒ်မ ခွဲ(က)နှင့်(ဂ)၊ (ဃ)။ မူလပုဒ်မ ၂၇၊ ၂၈ နှင့် ၂၉ တို့အားပယ်ဖျက်ခြင်း။ ပုဒ်မ ၂၄ ထို့အပြင် အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုခြင်းမဟုတ်ဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၁၂ ချက်။ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီတို့၏ ပြင်ဆင်ချက် ၅ ချက် စုစုပေါင်း ၁၇ ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

စာမျက်နှာ (၁) မှ (၂)၊ အမှတ်စဉ် (၃) နဲ့ အမှတ်စဉ် (၅) ပုဒ်မ ၂ ပုဒ်မခွဲ(စ)နဲ့ ပုဒ်မခွဲ(ည) စာမျက်နှာ (၄) နဲ့ (၅)။ အမှတ်စဉ် (၁၁) နဲ့ အမှတ်စဉ် (၁၅) ပုဒ်မ ၆ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၉ ပုဒ်မခွဲ(ခ) စာမျက် နှာ (၅)၊ အမှတ်စဉ် (၁၇) နှင့် (၁၈)။ ပုဒ်မ ၁၀ ပုဒ်မခွဲ(က)နဲ့ (ခ)။ စာမျက်နှာ (၆) မှ (၇) ၊ အမှတ် စဉ် (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)။ အခန်း (၄) ခေါင်းစဉ် ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ နှင့် မူလပုဒ်မ ၁၀။

စာမျက်နှာ (၇) မှ (၈)အမှတ်စဉ် (၂၃)၊ အမှတ်စဉ် (၂၅)၊ အမှတ်စဉ် (၂၈) နဲ့ (၂၉)။ အခန်းခေါင်းစဉ် မူလပုဒ်မ ၁၂ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆။ စာမျက်နှာ (၈)နှင့် (၉)၊ အမှတ်စဉ် (၃၀) နဲ့ (၃၃) ပုဒ်မ ၁၄ နဲ့ ပုဒ်မ ၂၀။ စာမျက်နှာ(၁၀)၊ အမှတ်စဉ် ၃၉ မူလပုဒ်မ ၂၄ တို့ ဖြစ်ပါတယ်။ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူသည့်အချက် ၃၃ ချက်နဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က ပြင်ဆင်ချက် ၅ ချက်၊ စုစုပေါင်း ၇ ချက် အားလုံးပေါင်းအချက် ၅၀ အား ပြည်သူ့လွှတ်တော်မှ အတည် ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခုဥပဒေကြမ်းကော်မတီက အစီအစဉ် ၁၄ နဲ့ ၁၅ ကို တစ်ပေါင်းတည်း တင်ပြတဲ့သဘောတွေ့ရပါတယ်။ သို့ရာတွင် လွှတ်တော်ဥက္ကဋ္ဌအနေနဲ့တော့ အစဉ်လိုက်ပဲခွဲပြီးတော့ ဆောင်ရွက်သွားပါမယ်။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီကတင်ပြသွားတဲ့ ပြင်ဆင်ချက် ၃၃ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့အချက် ၃၃ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကိုပြန်လည်ဆွေးနွေးရာမှာ စုစုပေါင်း ၁၇ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူကြောင်း၊ ဥပဒေကြမ်းကော်မတီက တင်ပြခဲ့ပါတယ်။ ဒီတင်ပြထားတဲ့ အမျိုးသား

လွှတ်တော်ရဲ့ပြင်ဆင်ချက် ၁၇ ချက်ကို သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက် အပေါ် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ၁၇ ချက်နဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုမှုများကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်သင့်ကြောင်းကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား အဆိုကိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပုဒ်မ ၂ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ည)၊ ပုဒ်မ ၆ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၉ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၀ ပုဒ်မခွဲ(က)နှင့်(ခ)၊ အခန်း (၄) ခေါင်းစဉ် ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ မူလပုဒ်မ ၁၀၊ အခန်း (၅) ခေါင်းစဉ် မူလပုဒ်မ ၁၂၊ မူလပုဒ်မ ၁၄၊ မူလပုဒ်မ ၁၅ နှင့် ၁၆၊ ပုဒ်မ ၁၄၊ မူလပုဒ်မ ၂၀၊ မူလပုဒ်မ ၂၄ တို့ဟာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲနေကြောင်း သိရှိရပါတယ်။ ထိုသို့သဘောထားကွဲလွဲသည့် အချက် ၁၇ ချက်အား ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူသင့်ပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅(က)အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲမှုရှိတဲ့ ၁၇ ချက်နဲ့ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ရန် တင်ပြခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင်

ဦးခင်မောင်ရွှေရဲ့ အဆိုကို ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဝင်ဖြစ်သူ ကျွန်တော် ဦးစတီဖန်မှထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောကွဲလွဲခြင်းများကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် သဘောထားကွဲလွဲချက်များအတွက် ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ (က)အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်က မြန်မာနိုင်ငံ လွတ်လပ်ရေးသမိုင်းဝင် ၁၃၀၀ ပြည့် ရေနံမြေ အရေးတော်ပုံ (၇၅) နှစ်မြောက် စိန်ရတုအခမ်းအနားကို ပြည်သူ့လွှတ်တော် (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်က သင့်တင့်သောအထိမ်းအမှတ်/အစီအစဉ်ပြုလုပ်ပေးရေး တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်က ဥက္ကဋ္ဌထံ စာဖြင့် လက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ်တင်ပြလာပါတယ်။ ဒီအဆိုကို တင်သွင်းဖို့ ချောက်မဲဆန္ဒယ်မှ ဦးသိန်းလွင်ကိုဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ယနေ့ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးသမိုင်းဝင် ၁၃၀၀ ပြည့်

ရေနံမြေ အရေးတော်ပုံကြီးရဲ့ (၇၅) နှစ်မြောက် စိန်ရတုအခမ်းအနားကျင်းပရေးနဲ့ ပတ်သက်လို့ အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်နည်းဥပဒေ ပုဒ်မ ၁၃၃ နှင့်အညီ တင်သွင်းခွင့်ပြုတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကို ချောက်မြို့နယ် မြို့မိမြို့ဖ၊ မဲဆန္ဒရှင်ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးသမိုင်းဝင် ၁၃၀၀ ပြည့်ရေနံမြေအရေးတော်ပုံကြီးဟာ လာမယ့် ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်နေ့မှာ ၇၅ နှစ် စိန်ရတုအခါသမယသို့ ရောက်ရှိတော့မှာဖြစ်ပါတယ်။ ၁၃၀၀ ပြည့်ရေနံမြေအရေးတော်ပုံကြီးဟာ ချောက်ရေနံမြေမှအစပျိုးခဲ့တာဖြစ်လို့ မြို့သူမြို့သားများဟာ များစွာဂုဏ်ယူတန်ဖိုးထားကြပါတယ်။ ကျွန်တော်အဆိုကိုလည်း ချောက်မြို့မိမြို့ဖများ မဲဆန္ဒရှင်ပြည်သူများရဲ့လိုလားချက်အရ တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးသမိုင်းဝင် ၁၃၀၀ ပြည့်ရေနံမြေအရေးတော်ပုံကြီးမှာ ကျောင်းသားများ၊ အလုပ်သမားများ၊ နိုင်ငံရေးလှုပ်ရှားတက်ကြွသူများ၊ သံဃာတော်များနဲ့ ပြည်သူပြည်သားများပါဝင်လှုပ်ရှားခဲ့ကြပြီး တစ်နိုင်ငံလုံး နိုင်ငံရေးအသိစိတ်ဓါတ်များပိုမိုနိုးကြားတက်ကြွလာစေခဲ့ပါတယ်။ ဒါကြောင့်မို့ နိုင်ငံ့လွတ်လပ်ရေးသမိုင်းဝင် အလုပ်သမားလှုပ်ရှားမှုဖြစ်စဥ်ကြီးကို ကျွန်တော့်အနေနဲ့ အကျဉ်းချုပ်တင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်ချဲ့အစိုးရလက်အောက်ကျရောက်ခဲ့ရတဲ့ကာလအတွင်း ချောက်၊ ရေနံချောင်း၊ လမ်းရွာ၊ ရေနံကျပ်အစရှိတဲ့ မြန်မာပြည်အလယ်ပိုင်း ရေနံမြေများကထွက်ရှိတဲ့ရေနံစိမ်းများကို နယ်ချဲ့လက်ဝေခံဘီအိုစီအမှူးပြုတဲ့ ရေနံကုမ္ပဏီများစွာဟာ ပြည်တွင်းသုံးစွဲရေးအတွက်သာမက အင်္ဂလန်နိုင်ငံအထိ တန်ပေါင်းများစွာ တင်ပို့ရောင်းချအမြတ်ကြီးစွာထုတ်ခဲ့ကြပါတယ်။ ၁၉၃၉-၁၉၄၀ ခုနှစ်မှာ မြန်မာနိုင်ငံက ရေနံစိမ်းတင်ပို့ရောင်းချရာမှ ဒေါ်လာ ၅၅ သန်းအထိရရှိခဲ့ကြောင်း မှတ်တမ်းမှတ်ရာများအရသိရှိခဲ့ရပါတယ်။ မြန်မာ့ရေနံစိမ်းများဟာ ကန့်ဓါတ်လို့ခေါ်တဲ့ SULPHUR ဓါတ်ပါဝင်မှုနည်းပါးတဲ့ တန်ဖိုးကြီး အဆင့်မြင့်ရေနံစိမ်းများဖြစ်ပါတယ်။ BOC, BRPC , PDC, ROC , NOC စတဲ့ နိုင်ငံခြားသားများပိုင်တဲ့ ရေနံကုမ္ပဏီများဟာ အမြတ်အစွန်းကြီးစွာခံစားခဲ့ကြပါတယ်။ ရေနံစိမ်းများထုတ်ယူရာမှာ မြန်မာတိုင်းရင်းသားလူမျိုးများဟာ

နေပူမိုးရွာမရှောင်ဘဲ ရသင့်ရထိုက်၊ ခံစားသင့်ခံစားထိုက်တဲ့ အခွင့်အရေးများရရှိခံစားရခြင်းမရှိဘဲ တောင်းဆိုပိုင်ခွင့်မရှိဘဲ၊ မတရား တဖက်သတ်ဖိနှိပ်ချုပ်ချယ်ခြင်းများခံစားခဲ့ရပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီ သပိတ်အစရေနံမြေကလို့ ဆိုစမှတ်ပြုရမယ့် ရေနံမြေ အလုပ်သမားများရဲ့ စုစည်းတောင်းဆိုအောင်မြင်မှုဟာ ၁၉၁၆- ၁၉၁၇ ခုနှစ်အတွင်း ချောက်ရေနံမြေမှာ စတင်သန္ဓေတည်ခဲ့ပါတယ်။ အဲဒါကတော့ ၁၉၁၆-၁၉၁၇ ခုနှစ် အတွင်း ဘီအိုစီကုမ္ပဏီရဲ့ အမေရိကန်ရေနံတွင်းတူးသမား ၅၀၀ ဟာ ကုမ္ပဏီရဲ့ တစ်ဖက်သတ်ဖိနှိပ် ချုပ်ချယ်ခြင်း၊ စီမံခန့်ခွဲမှုများကို မခံရပ်နိုင်လို့ သပိတ်မှောက်တိုက်ပွဲဝင်ကာ အောင်မြင်မှုများရရှိခဲ့ ခြင်းဖြစ်ပါတယ်။ ယင်းကဲ့သို့ အမေရိကန်တွင်းတူးသမားများရဲ့ ရေနံသပိတ်အောင်ပွဲဟာ အလုပ် သမားထုတကယ်ညီညွတ်ရင် အရင်းရှင်ကြီးများအပေါ် အောင်ပွဲရသည်ဆိုတဲ့ လူတန်းစားတိုက်ပွဲ သဘောတရား အနှစ်သာရ အဖိုးထိုက်သင်ခန်းစာများရရှိစေခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၂၀ မှ ၁၉၃၀ ခုနှစ်များအတွင်း နှစ်စဉ် အရေးကြီးသောလုပ်ငန်းကြီးများတွင် ပျမ်းမျှသပိတ်မှောက်မှုတစ်ခုကျစီရှိခဲ့ပြီး ၁၉၃၀ မှ ၁၉၃၆ ခုနှစ် များအတွင်း နှစ်စဉ်ပျမ်းမျှ သပိတ်မှောက်မှု ၄ ခုပေါ်ပေါက်ခဲ့ပြီး သပိတ်မှောက်ရက် ရက်သတ္တပတ် ၃ ပတ်မျှကြာခဲ့သည်လို့ အဲဒီတုန်းက ၁၉၃၅ ခုနှစ် စက်ရုံ၊ အလုပ်ရုံများဆိုင်ရာ အစိုးရရဲ့ အစီရင်ခံစာ မှာဖော်ပြခဲ့ပါတယ်။ ၁၉၃၀ ခုနှစ်ကစတင်ပြီး ဒို့ဗမာအစည်းအရုံးဝင် သခင်များနှင့် သာယာဝတီ သခင်များ ရေနံမြေသို့စတင်ရောက်ရှိခဲ့ပါတယ်။ ရေနံချောင်း၊ ချောက် ဒေသခံသခင်များကလည်း ရေနံမြေ အလုပ်သမားများအရေးအခင်းကိစ္စတွေမှာ တက်ကြွစွာပါဝင်ဦးဆောင်ခဲ့ပါတယ်။ ၁၉၃၇ ခုနှစ်မှာ ရေနံမြေအလုပ်သမားများ ခွင့်ရက်ပြင်ဆင်မှုနှင့်ပတ်သက်ပြီး ရေနံမြေအလုပ်သမားများ စုဝေးကာ ပြင်းထန်စွာကန့်ကွက်တောင်းဆိုမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှာတော့ ချောက်ရေနံမြေအလုပ်သမားအစည်းအရုံးဝင် အမှုဆောင်အလုပ်သမားတစ်ဦးကို ဘီအိုစီကုမ္ပဏီက မတရားအလုပ်မှထုတ်ပယ်ခဲ့ပါတယ်။ မခံမရပ်နိုင်ဖြစ်တဲ့ ရေနံမြေအလုပ်သမား ၅၀၀ ခန့်စုဝေးသပိတ်မှောက်ခဲ့ကြပါတယ်။ ကျန်အလုပ်သမားများလည်း လာရောက်ပူးပေါင်းခဲ့သဖြင့် ထိုစဉ်က သပိတ်မှောက်အလုပ်သမား ၅၀၀၀ ကျော်အထိပါဝင်ခဲ့ပါတယ်။ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နေ့များမှာတော့ လမ်းရွာ၊ ရေနံကျပ်၊ မိုလာဒေသမှ လုပ်သား၂၀၀၀ ခန့်၊ ချောက်ရေနံမြေမှ စာရေးများ ၂၀၀ ကျော်၊ ရေနံချောင်းရေနံမြေမှ ၃၀၀၀ ကျော် ထပ်မံလာရောက်

ပူးပေါင်းခဲ့သဖြင့် သပိတ်တပ်အင်အား ၁၀,၀၀၀ ကျော်အထိရှိခဲ့ပါတယ်။ စုစုပေါင်း အလုပ်သမား အမှုထမ်းအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းခန့်ဖြစ်ပါတယ်။

ယင်းအလုပ်သမားသပိတ်ကို ဘီအိုစီအမှုူးပြုတဲ့ အရင်းရှင်ကြီးများဟာ အဲဒီတုန်းက အစိုးရ အကူအညီဖြင့် အပြင်းအထန် အောက်ပါအတိုင်း နှိပ်ကွပ်ခဲ့ပါတယ်။ အလုပ်သမားအစည်းအရုံး တာဝန်ရှိသူများကို ဖမ်းဆီးတရားစွဲဆို ထောင်ချခြင်း၊ အလုပ်သမားခေါင်းဆောင်များအား တရား ဟောပြောခွင့်မပြုရန် နှုတ်ပိတ်အမိန့် ထုတ်ဆင့်တားမြစ်ခြင်း၊ သပိတ်တားအမျိုးသမီး ၁၀၀ ခန့်အား ဖမ်းဆီးထောင်ဒဏ်ချမှတ်ခြင်း၊ သပိတ်အလုပ်သမားများရဲ့ အိမ်ထောင်စုများကို ကုမ္ပဏီတန်းလျား နေအိမ်များမှ အဓမ္မမောင်းချခြင်း၊ ရေ၊ မီးဖြတ်တောက်ခြင်း၊ အလုပ်သမားတန်းလျားများကို လက်နက် ကိုင်စစ်ပုလိပ်များဖြင့် ဝိုင်းရံချထား ခြိမ်းခြောက်ခြင်း၊ ရာဇဝတ်မှုခင်းများ၊ သွေးထွက်သံယိုမှုများဖြစ် အောင်လုပ်ကြံခြင်း အလုပ်သမား၊ အလုပ်ရှင်တို့ရဲ့ပဋိပက္ခကို တည်ဆဲဥပဒေများအရ ဖြေရှင်းရမယ့် အစား အဲဒီတုန်းက အစိုးရကိုယ်တိုင် နယ်ချဲ့အရင်းရှင်ကြီးများ အလိုကျပြုမူဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအခြေအနေမှာ တို့ဗမာအစည်းအရုံးဝင် သခင်များ ရေနံမြေသို့ ထပ်မံလာရောက်ပူးပေါင်းခဲ့ပါ တယ်။

သန်လျင်ရေနံချက်စက်ရုံ၊ ဖယောင်းချက်စက်ရုံ၊ ရန်ကုန်ဘီအိုစီခနိုတောနှင့် ဗဟိုရုံးကြီးရှိ အလုပ်သမားများပါ ပါဝင်ဆင်နွှဲခဲ့ပါတယ်။ အခြေအနေများပိုမိုတင်းမာလာပြီး သပိတ်အင်အား ၄၀၀၀ ကျော်အနက် ၁၅၀၀ မှ ၂၀၀၀ ခန့်ဟာ မိုင်ပေါင်း ၄၀၀ ကျော်ဝေးတဲ့ ရန်ကုန်မြို့သို့ ချောက်ရေနံမြေမှ ၁၃၀၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၉ ရက်နေ့မှာ စတင်ချီတက်ခဲ့ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချီတက်ရာ ရေနံမြေသပိတ်တပ်ကြီးဟာ ချောက်မှ လုပ်သား ၁၀၀၀၊ လမ်းရွာ၊ ရေနံကျပ်မှ ၂၀၀၊ ရေနံချောင်းမှ ၅၀၀၊ စုစုပေါင်း ၁၇၀၀ ခန့်ပါဝင်ခဲ့ ပါတယ်။ သပိတ်တာဝန်ခံ တပ်ဗိုလ်အဖြစ် သခင်ဖိုးလှကြီး (ချောက်) နှင့် ဒုတိယတပ်ဗိုလ်အဖြစ် သခင်ဘမောင် (ရေနံချောင်း) တို့မှ တာဝန်ယူခဲ့ပါတယ်။ စနစ်တကျ တပ်ခွဲ၊ တပ်စိပ်၊ တပ်စုများ ဖွဲ့စည်းချီတက်ခဲ့ကြပါတယ်။ ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှာတော့ မကွေးမြို့သို့ ရောက်ရှိခဲ့ပြီး မကွေးမှ အရေးပိုင်၏အမိန့်ဖြင့် စီတန်းလှည့်လည်ခြင်း၊ လူငါးယောက်ထက် ပို၍စုဝေးခြင်း၊ အစည်း အဝေးများကျင်းပခြင်းကို ပိတ်ပင်တားမြစ်ခဲ့ပါတယ်။ သပိတ်အလုပ်သမားခေါင်းဆောင်များလည်း ဖမ်းဆီးခံခဲ့ရပါတယ်။ တို့ဗမာအစည်းအရုံးရုံးချုပ် ရန်ကုန်မှ သခင်များလာရောက်ပြီးတော့ ထပ်မံ ပူးပေါင်းခဲ့ပါတယ်။ ကျောင်းသားသမဂ္ဂ ကိုဗဟိန်းနှင့် ကိုဘဆွေတို့ ၁၁-၁၂-၁၉၃၈ နေ့မှာ လာရောက်

ပူးပေါင်းခဲ့ပါတယ်။ မြင်းစီးပုလိပ်တပ် လက်နက်ကိုင်စစ်ပုလိပ်များဖြင့် အကြမ်းဖက် အဓမ္မတားဆီး ပိတ်ဆို့ခြင်းခံခဲ့ရပါတယ်။ ၁၂-၁၂-၁၉၃၈ နေ့မှာတော့ ကျောင်းသားခေါင်းဆောင်များ ဖမ်းဆီးခံခဲ့ရပါ တယ်။ ကျောင်းသားခေါင်းဆောင်များ ဖမ်းဆီးခံခဲ့ရာကစပြီးတော့ မကွေးကျောင်းသားများမှ စတင် သပိတ်မှောက်ဆန္ဒပြခဲ့ရာ တစ်နိုင်ငံလုံးမှာ ကူးစက်ပြီးတော့ ကျောင်းသားအရေးတော်ပုံကြီးလည်း ပေါ်ပေါက်ခဲ့ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံမြေသပိတ်တပ်ကြီး တစ်ဗိုလ်တက် တစ်ဗိုလ်ကျ စနစ်ဖြင့် ဆက်လက်ချီတက်ခဲ့ရာ လမ်းခရီးမှာ ပြည်သူလူထုကြီးတစ်ရပ်လုံးက တစ်ခဲနက် လှိုက်လှဲစွာ ကြိုဆိုခဲ့ပါတယ်။ ကြို့ပင်ကောက်မြို့နယ်အရောက်မှာတော့ ကိုယ်တိုင်ခံဝန်ချက်နှင့် လွတ်မြောက်လာတဲ့ သခင်ဖိုးလှကြီးအပါအဝင် အလုပ်သမားခေါင်းဆောင်များ လာရောက်ပူးပေါင်းခဲ့ပါ တယ်။ ၈-၁-၁၉၃၉ နေ့မှာတော့ ရန်ကုန်မြို့ကိုရောက်ရှိခဲ့ပါတယ်။ ရန်ကုန်ဒေသရှိ ဌာနပေါင်းစုံ အလုပ်သမားများ လာရောက်ပူးပေါင်းခဲ့ရာ သပိတ်တပ်အင်အား ၁၀၀၀၀ နီးပါးအထိ ရှိလာခဲ့ပါတယ်။ တစ်ပြည်လုံး သပိတ်မှောက်အင်အားကတော့ ၂၀၀၀၀ ကျော်ထိရှိလာခဲ့ပါတယ်။

၂၀-၁၂-၁၉၃၈ နေ့မှာတော့ ကျောင်းသားသမဂ္ဂက ဦးစီးတဲ့ ကျောင်းသူကျောင်းသားများရဲ့ အတွင်းဝန်ရုံး အင်အားပြပွဲမှာ မြင်းစီးဂေါ်ရာ လက်နက်ကိုင်ပုလိပ်တပ်များ အကြမ်းဖက်နှိမ်နင်းခဲ့လို့ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော် ကျဆုံးပြီး အမြောက်အမြားဒဏ်ရာရရှိခဲ့ပါတယ်။ ၁၅-၁-၁၉၃၉ နေ့မှာတော့ ရွှေတိဂုံဝတ္တကမြေအတွင်း ပုလိပ်မင်းကြီး ပရက်စတော့ ဦးစီးတဲ့ လက်နက်ကိုင်ပုလိပ် ၁၀၀ ခန့် ဖိနပ်စီးတက်ရောက်ကာ ဘာသာရေးစော်ကားခြင်းဖြစ်ပွားခဲ့ပါတယ်။ တို့ဗမာအစည်းအရုံး ခေါင်းဆောင်များလည်း အစုလိုက်ဖမ်းဆီးခြင်းခံခဲ့ရပါတယ်။ ၂၄-၁-၁၉၃၉ နေ့မှာ ချောက်မြို့မှာ အလုပ်သမား ၅၀၀၀ ကျော် အေးချမ်းစွာ ဆန္ဒပြပွဲကို စစ်တပ်က သေနတ်ဖြင့် ပစ်ခတ်နှိပ်ကွပ်မှုခဲ့ပါတယ်။ အောင်လံမှာ အလုပ်သမားခေါင်းဆောင် သခင်ဗဖိုး သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခြင်းခံခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁-၃-၁၉၃၉ နေ့မှာတော့ အစိုးရက ဟိန္ဒူ မူဆလင် အဓိကရုဏ်းကြီးကို တစ်ဖက်လှည့် ဖန်တီးခဲ့ပြီး လူ ၆ ဦးသေဆုံးခဲ့ပါတယ်။ ၁၀၀ ခန့် ဒဏ်ရာရရှိ ခဲ့ပါတယ်။ ၁၃၀၀ ပြည့်နှစ် ရေနံမြေသပိတ်တိုက်ပွဲကြီး အဆက်မပြတ်ဖြစ်ပွားခဲ့သော အရှိန်အဟုန်ကြောင့် ၁၆-၂-၁၉၃၉ နေ့မှာ ဒေါက်တာဗမော် အစိုးရပြုတ်ကျခဲ့ပါတယ်။ ၁၉-၅-၁၉၃၉ နေ့မှာ သပိတ် ခေါင်းဆောင် သခင်ဖိုးလှကြီးနဲ့ အဆာအငတ်ခံ သပိတ်တိုက်ပွဲဝင်နေကြတဲ့ အလုပ်သမားများကို အစိုးရအသစ်မှ ကတိကဝတ်များပေးပြီးတော့ ညှိနှိုင်းစေ့စပ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၃၀၀ ပြည့်နှစ် ရေနံမြေအရေးတော်ပုံကြီး ပြီးဆုံးပြီး ကာလ ၁၉၄၀ ခုနှစ်မှစတင်ပြီး အလုပ်သမားများရဲ့ စည်းလုံးညီညွတ်မှုအခြေအနေတိုးတက်လာခဲ့ပါတယ်။ မြန်မာတစ်နိုင်ငံလုံး နိုင်ငံရေးအသိအမြင်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာခဲ့ပါတယ်။ အလုပ်သမား၊ ကျောင်းသား၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ပြည်သူများ ပိုမိုစည်းလုံးညီညွတ်လာခဲ့ပါတယ်။ တစ်နိုင်ငံလုံးရဲ့ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းမှုများကို ကြီးစွာသော အထောက်အကူပြုခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့်မို့လို့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးသမိုင်းဝင် ၁၃၀၀ ပြည့်ရေနံမြေအရေးတော်ပုံကြီးရဲ့ (၇၅) နှစ်မြောက် စိန်ရတုအခမ်းအနားကို သင့်တော်သော အထိမ်းအမှတ်အစီအစဉ်များ ပြုလုပ်ကျင်းပပေးသင့်ပါကြောင်းအဆိုကို လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်မိုးညို (ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများခင်ဗျား။ ကျွန်တော် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညိုဖြစ်ပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ကမ်းရိုးတန်းဒေသများဆိုလို့ရှိရင် နှစ်ပေါင်း ၁၀၀ ခန့်၊ ပြည်မနှင့်အထက် ဗမာပြည်ဆိုလို့ရှိရင် နှစ်ပေါင်း ၆၀ ခန့်ကျွန်သဘောက်ဘဝမှာနေခဲ့ရတာ အားလုံးသိပြီးဖြစ်ပါတယ်။ အခုလိုမျိုး ကျွန်သဘောက်ဘဝကနေလွတ်မြောက်ဖို့ ကြိုးစားရုန်းကန်ခဲ့ကြတဲ့၊ အားလုံးသိပြီးဖြစ်တဲ့ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်၊ ဦးသိန်းလွင်တင်ပြသွားတဲ့ သခင်ဖိုးလှကြီးဦးဆောင်တဲ့ ရေနံမြေအလုပ်သမားများသပိတ်၊ သာယာဝတီနယ်က ဆရာစံလယ်သမားကြီးသူပုန်စတဲ့ကြိုးပမ်းမှုများဟာ သမိုင်းမှာ ဘယ်လိုမှ မေ့ပျောက်လို့မရနိုင်တဲ့၊ ဖျောက်ဖျက်လို့မရနိုင်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှတ်တိုင်များပဲဖြစ်ပါတယ်။ ကျေးဇူးရှင်ရဲ့ကျေးဇူးကိုမမေ့သင့်ပါဘူး။ မမေ့အပ်ပါဘူး။ ကျေးဇူးရှင်များကို ကျေးဇူးကို အသိအမှတ်ပြုသောအားဖြင့် ကျောင်းသူကျောင်းသားများ၊ လယ်သမားများ၊ အလုပ်သမားများ၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြတာကို အသိအမှတ်ပြုသောအားဖြင့် ကျေးဇူးတုံ့ပြန်သောအားဖြင့် ဦးသိန်းလွင်ရဲ့အဆိုကို လေးစားစွာအလေးအနက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုတင်တာ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ဆိုတဲ့ အခိပ္ပာယ်ဖြစ်ပါတယ်။ အဆိုပေါ်မူတည်ပြီး ဦးသိန်းလွင် ပြည့်ပြည့်စုံစုံတင်ပြဆွေးနွေးသွားသလို မကွေး တိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်ကလည်း အဆိုကိုလေးနက်စွာ ထောက်ခံသွားပါတယ်။ ဒါကြောင့် လွှတ်တော်ကို တင်ပြလာတဲ့အဆိုကို လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ပဲ တိုတိုနှင့်လိုရင်း လွှတ်တော်ကို ပြန်တင်ပြချင်ပါတယ်။ တင်ပြချက်ဟာ မှန်ကန်ကောင်းမွန်ပြီး မြန်မာနိုင်ငံရဲ့ အမျိုးသားရေးအပါအဝင် မြန်မာနိုင်ငံရဲ့အလုပ်သမားလူတန်းစားများအတွက် များစွာ အထောက်အကူပြုမယ့်ကိစ္စတစ်ခုဖြစ်တဲ့အတွက် ဒီနေ့မှာကျရောက်လာမယ့် နေ့မှာ လွှတ်တော် ကိုယ်စားလှယ်များဟာ သက်ဆိုင်ရာမြို့၊ ဒေသမှာ အထိမ်းအမှတ်များကျင်းပမယ်ဆိုရင် ဒီအထိမ်း အမှတ်အခမ်းအနားမှာ မြို့နယ်မှာဖွဲ့စည်းထားတဲ့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက် ရေးအထောက်အကူပြုကော်မတီ၊ သက်ဆိုင်ရာရပ်မိရပ်ဖ၊ သက်ဆိုင်ရာလူမှုရေးအဖွဲ့အစည်းများနဲ့ ညှိနှိုင်းပူးပေါင်းပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်စွာဆောင်ရွက်ဖို့ လိုပါတယ်။ မိမိတို့ အမျိုးသားရေးတာဝန်တစ်ရပ်ကို ကျေပွန်စွာထမ်းဆောင်တဲ့နေရာမှာ မိမိတို့လွှတ်တော်အတွင်းမှာရှိကြ တဲ့ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်များအနေနဲ့လည်း အမျိုးသားရေးတာဝန်ထမ်းဆောင်တဲ့နေရာမှာ မှန်မှန်ကန် ကန်စနစ်တကျဆောင်ရွက်ပြီး မြန်မာနိုင်ငံရဲ့အမျိုးသားရေး၊ မြန်မာနိုင်ငံအတွင်းမှာရှိကြတဲ့ အလုပ်သ မား၊ လယ်သမားများနဲ့ သူတို့ရဲ့အခန်းကဏ္ဍကိုမြှင့်တင်ရာရောက်အောင် စနစ်တကျ ဆောင်ရွက် သွားဖို့သင့်တယ်လို့ပဲ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ဒီလိုပဲမြင်မိပါတယ်။ ဒါကြောင့်မို့လို့ ချောက် မဲဆန္ဒနယ်မှ ဦးသိန်းလွင်တင်သွင်းတဲ့ အဆိုကို လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြ အဆုံးအဖြတ်ခံယူသွားလိုပါတယ်။ ဒီအဆုံးအဖြတ်ခံယူဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်သည့်မြို့၊ ဒေသတွင် အထိမ်းအမှတ်အခမ်းအနားများကျင်းပရာ၌ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်း များနှင့် ညှိနှိုင်းပူးပေါင်းပါဝင်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပါဝင်ဆောင်ရွက်သွားရန်ကို လွှတ်တော်မှာမှတ်တမ်းတင်ထားရှိရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးသိန်းလွင် တင်သွင်းတဲ့အဆို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၂၀) ရက်မြောက်နေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါ တယ်။

**အချိန်၊ ၁၅း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ၁၅း၀၀ နာရီအချိန်တွင် ပြီးဆုံးပါသည်။ ]